မျက်မှောက်ကာလ

# အာရက္ခ

# Ar-rak-kha Today

www.RakhineNotes.com

ဘရခိုင်အဖွဲ့

Association for Fatherland Arakan

# မာတိကာ


၁။ ဘဝမတူ၊ ရခိုင်မူကား ၁

၂။ စီးပွားရေးနှင့် နိုင်ငံရေးစနစ် ၃

၃။ စစ်မှန်သောဖက်ဒရယ်စနစ်တည်ဆောက်ရေး ၆

၄။ ပြည်သူတို့အသိ၊ သတိရှိရေး ၇

၅။ ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒ ၉

၆။ အစွန်းရောက်ဝါဒ ၁၁

၇။ မျိုးချစ်မျက်ကန်း ၁၂

၈။ ရခိုင်နှင့် ဒီမိုကရေစီ ၁၃

၉။ ရခိုင်ပြည်သူ့အသံ ၁၇

၁၀။ ရခိုင်နှင့်နိုင်ငံရေးပါတီများ ၂၀

၁၁။ ကလေးငိုသံ၊ မကြားရကြာလေပြီ ၂၅

၁၂။ အမျိုးသီလ၊ ရပ်ဌာနကို ၂၆

၁၃။ ရခိုင်နှင့်ပထဝီနိုင်ငံရေး ၂၉

၁၄။ အနာဂတ်ကို စိုးရိမ်ရရေ ၃၁


www.RakhineNotes.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ : ဒေါက်တာဦးထွန်းဝေ (၀၀၂၈၅)
ဝေဘူလစာပေ
အမှတ်(၁၅၄)၊ လွတ်လပ်ရေးလမ်း၊
(ဃ)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်။

ပုံနှိပ်သူ : ဦးစံလှမောင် (၀၀၀၇၆)
စန္ဒာဝင်းပုံနှိပ်တိုက်
အမှတ်(၁၅၄)၊ လွတ်လပ်ရေးလမ်း၊
(ဃ)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်။

ဖြန့်ချိရေး : ဦးမောင်သိန်းထွန်း
ဘရခိုင်အဖွဲ့

မျက်နှာဖုံးဒီဇိုင်း : Mrat Htay Computer (Sittwe)

ထုတ်ဝေသည့်အကြိမ် : ပထမအကြိမ်

ထုတ်ဝေသည့်ကာလ : ၂၀၁၆ ခု ဖေဖော်ဝါရီလ

အုပ်ရေ : ၁၀၀၀

တန်ဖိုး : ၅၀၀ ကျပ်

စီစဉ်သူ : မြတ်ဋွေး


www.RakhineNotes.com

F-1 B

# မျက်မှောက်ကာလ၊ အာရက္ခ

ရခိုင်တို့ဌာနီကို ရှေးယခင်က **'အာရက္ခဒေသ'** ဟု ခေါ်ခဲ့သည်။

မျက်မှောက်ကာလ အာရက္ခသည် မြန်မာနိုင်ငံတွင်ပါဝင် နေသည်မှာ မြောက်ဦးမြို့တော်ကျဆုံးသွားသည် ၁၇၈၅ ခုနှစ်မှ ယနေ့ကာလအထိပင် ဖြစ်သည်။ ထိုသို့ပါဝင်ခဲ့ခြင်းမှာ အလိုတူပါဝင်ခြင်း မဟုတ်ဘဲ၊ စစ်ပွဲဆင်နွဲကာ သိမ်းပိုက်၍သာဖြစ်သည်။ အသက်ပေါင်းများစွာ သေကြေခဲ့ရခြင်းသည် မျက်မှောက်ကာလ အာရက္ခ၏အစခရီးပင် ဖြစ်ပေသည်။ ထိုမတိုင်မီက ခေတ်သည် ရခိုင်ကို ရခိုင်သားသာ အုပ်ချုပ်သောကာလ ဖြစ်ခဲ့သည်။ ရခိုင်လူမျိုးတို့ ဂုဏ်ယူဝင့်ကြွားနေသော ရခိုင်ရှေးအမွေအနှစ်များသည် ရခိုင်ခေတ်၊ ရခိုင်ကာလက လက်ရာများသာ ဖြစ်ကြသည်။

ယနေ့အာရက္ခဒေသသည် သဘာဝအလျောက် တောတောင်လည်းရှိ၏၊ မြေပြန့်လည်းရှိ၏၊ ပင်လယ်ထွက်ပေါက် ဘင်္ဂလားပင်လယ်ကျယ်လည်းရှိ၏၊ ဝမ်းစာဖူလုံသည်သာမက ရပ်ဝေးသို့လည်း တင်ပို့နိုင်၏၊ သစ်တောထွက်သည် ပေါလျှံ၏၊ ရေထွက်ပစ္စည်းတို့မှာလည်း ရပ်ဝေးခရီးဆန့်နိုင်၏၊ ၂၁-ရာစုတွင် ရခိုင်ကမ်းလွန်တွင် ဓာတ်ငွေ့သိုက်ကို တွေ့ရှိပြီး တိုင်းတစ်ပါးသို့ တင်ပို့သည်လည်း ရှိ၏။ ထို့ကြောင့် ရခိုင်သည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် အရပ်တစ်ခုဟု ကျော်ကြား၏။ သတင်း မွှေးပျံ့၏။ ရခိုင်တို့သည် ကံကောင်းပါဘိသည်ကားဟု မနာလိုသူတို့လည်း ရှိနေပေအံ့။ ရခိုင်ထွက်ရတနာတို့တွင် ဆင်ဖြူတော်တို့လည်း ပါလိုက်သေးသည်။

### ၁။ ဘဝမတူ၊ ရခိုင်မူကား

သို့ရာတွင် ရခိုင်တို့သည် နာမည်ကြီးလျက် ထမင်းငတ်ကိန်း ဆိုက်သလို ဖြစ်နေသည်။ အသို့ကြောင့်နည်း။ ရခိုင်ဒေသသည် တိုင်းနှင့်ပြည်နယ်

www.RakhineNotes.com

၁၄ ခုတွင် ဒုတိယအဆင်းရဲဆုံးသောဒေသဖြစ်သည်ဟုသာ ထင်ရှားနေပါသည်။ ရခိုင်အောက်တွင် ရခိုင်နှင့်နယ်ချင်းစပ်ကာ ရခိုင်ထက် တောတောင်ထူထပ်ပြီး ပင်ကိုအားဖြင့် ဝမ်းစာမဖူလုံသော ချင်းပြည်နယ်သာ ရှိတော့သည်။

ကုန်စည်ကူးသန်းမှုဖြင့် လျှမ်းလျှမ်းတောက်ထွန်းကားခဲ့သော ဝေသာလီခေတ်လို၊ ဘုန်းရှိန်တောက်ခဲ့သော မြောက်ဦးခေတ်လို ကာလများကို ကြုံတွေ့ခဲ့ရသော ရခိုင်ဒေသည် ယနေ့ဘဝတွင် ချွတ်ခြုံကျနေ သည်မှာ အဘယ်ကြောင့်နည်း။ ရခိုင်တို့ကိုယ်တိုင်က ပျင်းလို့လော၊ အလုပ်မလုပ်သောကြောင့် လော။ သာမန်အားဖြင့် လူတစ်ရာတွင် တစ်ယောက်ဆင်းရဲလျှင် သို့မဟုတ် ဆယ်ယောက်ဆင်းရဲလျှင် ပျင်းသည်ဟု ပြောနိုင်သည်။ တစ်ဒေသလုံး ဆင်းရဲမွဲတေနေသည် ဖြစ်လျှင်ကား ပျင်းရိခြင်းကို ယိုးမည်ဖွဲ့ခြင်းသည် တရားနည်းလမ်းကျမည် မဟုတ်ချေ။ အများနှင့်ဆိုင်ပြီး အဓိကအရေးကြီးသော စီမံခန့်ခွဲမှုတစ်ခုခု လွဲချော်နေ၍သာ ဖြစ်တော့သည်။

ရခိုင်ဒေသ ဆင်းရဲမှုကို မမြင်ရက်ပါဟုဆိုသူတို့က ရခိုင်တွင် ဆင်းရဲမှုလျှော့ ကျရန် အစီအမံများ လုပ်ထားပါ သတတ်။ အလုပ်အကိုင်ရလျှင် ဝင်ငွေတိုးမည်၊ လူနေမှုအသင့်အတင့်ဖြစ်လာမည် စသည့်ကောင်းကျိုးချမ်းသာခြင်းသည် မလွဲမသွေ ဖြစ်လာမည်ဟု မှတ်ယူသူက ယူကြသည်။ ကျောက်ဖြူစက်မှုဇုံ ပုဏ္ဏားကျွန်းစက်မှုဇုံ တို့သည် ရခိုင်တို့အတွက် မှန်းချက်နှင့်နှမ်းထွက် ကိုက်ညီပါမည် လော။ စိုင်းဒင်အိပ်မက်နောက်သို့ လိုက်ကြသည်များ ဖြစ်သွားမည်လော။ ရခိုင်တို့မှာ ရင်တမမနှင့် ဖြစ်နေကြသည်။ ထိုစီမံချက်များသည် အမှန်တကယ်ကော ရခိုင်ဒေသဆင်းရဲ မွဲတေမှုမှ ထွက်ရပ်ဖြစ်လာနိုင်သည်ကိုကား နားလည်ရ ခက်လှသည်။

ရခိုင်ဒေသမည်မျှဆင်းရဲသည်ကို ဒေသခံရခိုင်လူမျိုးတို့သည် အသိဆုံး ဖြစ်သည်။ မိမိဒေသမှ အခြားအရပ်များသို့ ရောက်ဖူးသူများက ပို၍ပင်နားလည်ပေသည်။ အော်-ဘဝချင်းမတူသည့် ရခိုင်ဒေသပါပေကားဟု ဆိုကြသည်။ ရခိုင်တွင် လမ်းးများဖောက်ပေးသည်၊ တံတားကြီးငယ်များကို တည်ဆောက်ပေးသည်၊ ကျောင်းများကို ဖွင့်လှစ်ပေးသည်၊ ဤသည်ဤမျှသော စေတနာ မဟာဂရုဏာကြီးတို့ဖြင့် ပေးထား သည့်တိုင်အောင် 'ဘဝချင်းမတူ၊ ရခိုင်မူကား' ဟုသာ ဟစ်ကြွေး နေကြသေးသည်။ ရခိုင်တို့သည် ရလေလိုလေ အိုတဆေလို လောဘရမက်တက်သည်ဟုကား မဆိုနိုင်ချေ။ အဘယ်ကြောင့်နည်း။ ရခိုင်ဒေသ သည် တိုးတက်သင့်သလောက် မတိုးတက်သည်ကိုသာ

www.RakhineNotes.com

ထောက်ပြကြသည်။ စေတနာဖြင့် ပေးသည်ဟု မမြင်ကြ၊ မဖြစ်မနေ၍သာ ပေးခြင်းဖြစ်သည်ဟု မှတ်ယူနေကြသည်။ ရခိုင်မှ အယူနှင့် ရခိုင်ကို ပေးခြင်းသည် မဆီမလျော်၊ ဆင်တော်နှင့် ခလောက်ဟုသာ ခံစားကြသည်။

ရခိုင်တို့သည် ဗုဒ္ဓဘာသာဝင်ပီပီ သည်းခံကြသည်။ မိမိတို့၏ နစ်နာချက်ကို မျိုသိပ်ထားကြသည်။ မတောင်းတတ်သဖြင့်၊ နို့မစို့ရဟု ဆိုချင်ဆိုပစေ၊ တုံဏှိဘာဝေ ရှိခဲ့ကြသည်။ ယခုမူ ရခိုင်တို့သည် ထိုသို့ မဟုတ်ပြီ၊ ကလေးနှပ်စား မဟုတ်တော့ပြီ။ပြောစရာရှိသည်ကို ပြောရမည်၊ တောင်းစရာရှိသည်ကို တောင်းရမည်၊ ရခိုင်တို့သည် အသိ၊ သတိ လက်ကိုင်ထားလာရမည်သာ။

## ၂။ စီးပွားရေးနှင့် နိုင်ငံရေးစနစ်

ဒေသတစ်ခု၊ တိုင်းပြည်တစ်ခု၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ယင်းအရပ်ရှိ နိုင်ငံရေးစနစ်နှင့် များစွာသက်ဆိုင်နေသည်မှာ အထင်အရှားပင် ဖြစ်သည်။ လောင်းရိပ်မိနေသော ကိုလိုနီနယ်ချဲ့လက်အောက် နိုင်ငံရေးစနစ်တွင် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ဖြစ်သည်မှာ သမိုင်းသက်သေ ရှိနေသည်။ တိုင်းပြည် တိုးတက်လိုသဖြင့် ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့ကို တော်လှန်ခဲ့ကြသည်။ အင်္ဂလိပ်သာပြန်သွားသည် ရခိုင်တို့သည် အုပ်ချုပ်ပုံ၌ တိုင်း အဆင့်မှပင် မတက်နိုင်ခဲ့။ ထို့နောက် ထိုခေတ်ကာလက ခွင့်ပြုသောပြည်နယ်အဆင့်ရ ရခိုင်ပြည်နယ် ရရှိရေးအတွက် လှုပ်ရှားခဲ့ကြသည်။ အထိုက်အသင့်သာ အောင်မြင်ခဲ့သည်။ ၁၉၆၂-ခုနှစ်တွင် မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာသည်။ ရခိုင်တို့ မျှော်မှန်းခဲ့သော ရခိုင်ပြည်နယ်စနစ်သည် မရရှိတော့ချေ။

၁၉၇၄-ခုနှစ်တွင် ရခိုင်သည် ပြည်နယ်တစ်ခု ဖြစ်လာသည်။ မျှော်မှန်းထားသော အဆင့်ကားမဟုတ်။ ပေးသလောက်သာရသော အဆင့်သာဖြစ်သည်။ ရသင့်သောအဆင့်ကား မဟုတ်ချေ။ အမည်ခံ ပြည်သူ့ကိုယ်စားလှယ်ဖြင့် အုပ်ချုပ်ခြင်းသာ ဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိတွင် ပြည်သူ့ကိုယ်စားလှယ်ရွေးချယ်ခြင်း မရှိတော့ ချေ။ ဤကာလအတွင်းတွင် အခြားသော မြန်မာနိုင်ငံရှိ အရပ်ဒေသများနည်းတူ အလုပ်အကိုင်ရှားပါးမှုကြောင့် ရခိုင်တို့သည် ရပ်ဝေးမြေခြားသို့ သွားရောက်ကာ ငွေရှာလာကြသည်က များလာသည်။ တစ်နှစ်ထက် တစ်နှစ် ပို၍လည်းခေတ်စား လာသည်။ ရခိုင်ကျေးလက်တို့တွင် လူငယ်လူရွယ်များသည် တမဟုတ်ချင်း လျော့

www.RakhineNotes.com

ပါးသွားသည်။

၂၀၀၈-ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ရခိုင်တွင်လည်း ပြည်သူ့ ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။ ထိုနိုင်ငံရေးစနစ်သစ်အရ ရခိုင်ပြည်နယ်လွှတ်တော်နှင့် ရခိုင်ပြည်နယ်အစိုးရဟု ပေါ်လာသည်။ ပြည်နယ်ဝန်ကြီးများနှင့် ဝန်ကြီးချုပ်ကိုမူ ပြည်နယ်လွှတ်တော်က ခန့်ထားရသည်ကား မဟုတ်။ ပြည်ထောင်စုသမ္မတကသာ ခန့်ရသည်။ ဤစနစ်သစ်သည် ၂၀၁၁ ခု ဧပြီလဆန်းတွင် စတင်အုပ်ချုပ်သည်။ စနစ်သစ်ကလည်း ရှုပ်ထွေးလှသည်။

ရခိုင်ပြည်နယ်တွင် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ထားရှိ အုပ်ချုပ်ခြင်းသည် ပထမသက်တန်းသာ ကုန်တော့မည်ဖြစ်သည်၊ ရခိုင်ဒေသ၏ တိုးတက်မှုသည်ကား ပြည်သူတို့အဖို့ အားရစရာ ဖြစ်မလာခဲ့ချေ။ ထိုအခါ နိုင်ငံရေးကပိတို့က အကြောင်းရင်းတို့ကို စိစစ်ကြသည်။ မွှေနှောက်ရှာကြသည်။ အဖြေကို တွေ့သည်။ စစ်မှန်သော ဖက်ဒရယ်စနစ်တွင်သာ ရခိုင်သည် အခြားသောလူမျိုး များနည်းတူ တိုးတက်မှုကို ရရှိနိုင်မည်ဟု မြင်လာကြသည်။ ယုံကြည်လာကြသည်။ ဤခရီးမှာ ကြမ်းတမ်းသည်။ အိပ်ချင်ယောင်ဆောင်နေသူကို အနှိုးရခက်သလို၊ မပေးချင်သူများထံမှ တောင်းနေသလို ဖြစ်နေသည်။ သို့သော် တောင်းတသောစနစ်သည် တရားမျှတမှုရှိသည်၊ ပေးသင့်ပေးထိုက်သည့် အရာသာဖြစ်သည်ဟု ယုံကြည်ကြပြီး ဆက်လက်လှုပ်ရှား နေကြသည်။

## ၃။ စစ်မှန်သောဖက်ဒရယ်စနစ်တည်ဆောက်ရေး

စစ်မှန်သော ဖက်ဒရယ်စနစ်ကို စစ်မှန်သော ပြည်ထောင်စုစနစ်ဟုလည်း ခေါ်လာကြသည်။ လူမျိုးကိုအခြေခံသော ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရှိရမည့် စနစ်မျိုးဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကို ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ အများသဘော တူညီချက်ဖြင့်သာ ခန့်ထားခြင်းမျိုး ဖြစ်သည်။ ဤစနစ်အရ တိုင်း (ဝါ) တိုင်း ဒေသကြီးလွှတ်တော်ဟူ၍ မရှိရပေ။ တိုင်းအုပ်ချုပ်ရေးသာရှိခဲ့လျှင်လည်း ပြည်နယ်အစိုးရအဖွဲ့မှသာ အုပ်ချုပ်ကွပ်ကဲရမည် ဖြစ်သည်။ ပြည်နယ်အချင်းချင်းသည်လည်း တန်းတူဆက်ဆံခွင့် ရှိရမည်ဖြစ်သည်။ ပြည်ထောင်စုအစိုးရဟူ၍ကား ရှိမည်

www.RakhineNotes.com

ဖြစ်၏။ ဖွဲ့စည်းအုပ်ချုပ်ပုံကို အသစ်ရေးရမည်သာ ဖြစ်သည်။

ဤသည်မှာ မျှော်မှန်းထားသော ဖက်ဒရယ်စနစ်တစ်မျိုးသာ ဖြစ်သည်။ ဆွေးနွေးညှိနှိုင်းကြလျှင် အဖြေတစ်မျိုးထွက်လာ ပေမည်။

ပြည်နယ်၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့သည် ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံထက် အဆပေါင်းများစွာ သာလွန်မည်ဖြစ်သဖြင့် ရခိုင် ပြည်သူတို့၏ဘဝကို ဤထက်များစွာ မြှင့်တနိုင်ကြလိမ့်မည်ဟု ယုံကြည် ကြသည်။

ဖက်ဒရယ်စနစ်သည် ရခိုင်ပြည်သူတို့ ဆင်းရဲမွဲတေမှုကို လျှော့ပါးစေရန် အဓိကအကြောင်းရင်းဖြစ်သည်ဟု ရခိုင်လို အခြားသော တိုင်းရင်းသားတို့သည် ယုံကြည်သလို လက်ရှိအာဏာရပုဂ္ဂိုလ်တို့သည်လည်း အမြင်ချင်းတူလာသည့် တစ်နေ့တွင် ဤစနစ်သည် အကောင်အထည်ပေါ်လာမည်ဟုသာ ဆိုနိုင်သည်။ သို့ရာတွင် ရရှိထားသော အာဏာများကို ခွဲဝေဖြန့်ပေးချင်စိတ်သည် နောက်ဆံတင်းတင်းဖြင့်သာ ရှိနေပေမည်။ ထိုအတွက်မူ လိုချင်ကြသူတို့က အခက်အခဲပေါင်း များစွာကို ကျော်လွှားရဦးမည် ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်တွင်ဖြစ်စေ တစ်စုံတစ်ခုသောဒေသ တွင်ဖြစ်စေ ပြည်သူတို့၏ ပါဝင်မှုသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့ နေထိုင်သော ရခိုင်ဒေသကို အခြေခံ၍သာ ပြောရလိုပါသည်။ ရခိုင်တို့သည် စစ်မှန်သော ဖက်ဒရယ်စနစ်အကြောင်းကို သိရှိနားလည်ရန်လည်း လိုအပ်ပါသည်။ ပါတီက နားလည်တိုင်း၊ ပါတီဝင်များက နားလည်တိုင်း၊ နိုင်ငံရေးအသိ ရှိသူတိုင်းက နားလည်းတိုင်း အလိုလို ပြီးမြောက်သွားမည် မဟုတ်၍ဖြစ်သည်။ အကယ်၍ စစ်မှန်သော ဖက်ဒရယ်စနစ်ကို သဘောကျမကျ မဲဆန္ဒပေးကြပါဟု ဆိုငြားအံ့၊ တစ်တိုင်းတစ်ပြည်လုံးသည် အုံးအုံးကြွက်ကြွက် သဘောကျပါကြောင်းကို မဲပေးရန် ဖြစ်နေရပါမည်။ သတ်မှတ်အရေအတွက်ကိုသာ မရခဲ့လျှင် ပြည်သူတို့သည် သံသရာဆိုး ရှည်သွားမည်ဖြစ်သည်။ စစ်မှန်သောဖက်ဒရယ်ကို မပေးချင်သူတို့ကမူ တရားဝင်အကြောင်းပြချက်ကို နှစ်ပေါင်းဆယ်စုနှင့်ချီ၍ ပေးနေမည်ဖြစ်သည်။ ။

## ၄။ ပြည်သူတို့အသိ၊ သတိရှိရေး

ထို့ကြောင့် ပြုပြင်ပြောင်းလဲရန်အတွက် ပြည်သူသည် သဘောပေါက် နေရမည်၊ အသိရှိနေရမည်၊ သတိရှိနေရပါမည်။ ထိုသို့ဖြစ်လာအောင် တိုးတက်ပါသည်ဆိုသောအင်အားစု (ရခိုင်နိုင်ငံရေးပါတီများ အပါ

www.RakhineNotes.com

အဝင်)တို့သည် မည်သို့ဆောင်ရွက်ထား နေပါသနည်း။ ပြည်သူမည်မျှအရေအတွက်ကို ရှင်းလင်းဆွေးနွေး ပြီးပါသနည်း။ မည်ရွေ့မည်မျှတို့သည် နားလည်သဘောပေါက် သွားခဲ့ပါသနည်း။ အဖြေကို ကာယကံရှင်များကသာ သိပါမည်။ လက်တွေ့ မလုပ်သေးလျှင် အပြောသမား လေလုံးထုတ်သမားသာလျှင်ဖြစ်ပေမည်။ နှုတ်တစ်ရာ၊ စာတစ်လုံးဟု ဆိုထားရာ ထိုမျှော်မှန်းထားသေဖက်ဒရယ်စနစ်အတွက် ရှင်းလင်းချက် လက်ကမ်းစာစောင်ငယ်များသည် ပလူပျံနေချိန် တန်ပါပြီ။ စာတစ်စောင်တည်းဖြင့် ပြောလိုသည်တို့သည် ပြီးပြည့်စုံမည် မဟုတ်သော်လည်း ဖြည့်စွက်သွားလျှင် ပိုမိုကောင်းမွန်သွားပါမည်။ ရတညခေတ်တွင် ရတညမျှော်မှန်းသော ပြည်ထောင်စုစနစ်အတွက် ဤလိုစာစောင်ငယ်များကို ဖြန့်ဝေခဲ့ပါသည်။

ရခိုင်ပါတီတို့သည် မဲရဖို့အတွက် မဲဆွယ်သည့်အနေဖြင့် လူမြင်ကောင်း ဖြစ်အောင် ပြောခဲ့လျှင်ဆိုသည်ကား သူတို့တန်ဖိုးကို သူတို့ကသာ ဆုံးဖြတ်သွားပါမည်။ ပြည်သူကို တစ်ပါတ်ရိုက်သွားခြင်းသာဖြစ်သည်ဟု ပြည်သူတို့ သိလာသည့် တစ်နေ့တွင် ပြည်သူ့ကျိန်စာ သင့်သွားကြမည်သာ ဖြစ်သည်။ ပြည်သူကို လက်ခုတ်ထဲက ရေဟုသတ်မှတ်လျှင် အမှားကြီး မှားပါလိမ့်မည်။ ပြည်သူ့အား (People's Power)သည် မည်မျှပြင်းထန်သည်ကို နိုင်ငံရေးကို နားလည်သူတို့က သိကြပါသည်။

စစ်မှန်သော ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ ပြည်သူကို နှိုးဆော်ရန်အချိန် မတန်သေးဟုဆိုလျှင်ကား တာဝန်မဲ့စကားဟုသာ ဆိုရပေမည်။ အဘယ်ကြောင့်နည်း။ မဲဆွယ်စဉ်က ဤအရေးကိစ္စကိုပါ ထည့်သွင်းထားခဲ့၍ ဖြစ်သည်။ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် တိုင်းပြည် တစ်ပြည်ဒေသတစ်ခု၏ အနာဂတ်ရေးအတွက် ကြိုတင်စီမံထားချက်များသည် လုပ်သင့်သည့်အရာသာ ဖြစ်ပေသည်။ အဖက်ဖက်က ချွတ်ခြုံကျနေသော ရခိုင်လိုဒေသတွင် လုပ်စရာ ကိုင်စရာများသည် မြောက်မြားစွာ ရှိနေပါသည်။ မလုပ်ဘဲနေ၍ကား အလိုလို တိုးတက်ဖြစ်ထွန်းလာမည် မဟုတ်ပါ။

ရခိုင်အသိ၊ ရခိုင်သတိကို ရခိုင်ပြည်သူသို့ချပြရန်၊ လှုံ့ဆော်ရန် တို့မှာ ရခိုင် ပါတီတို့၏အလုပ်များသာ ဖြစ်ကြပါသည်။ ရခိုင်လူမျိုးအတွက် အလုပ်လုပ်ပါမည်ဟု ကြွေးကြော်ထားသော ပါတီတို့သည် ဤအလုပ်တို့ကို မည်သို့မှ ရှောင်လွှဲ၍ ရကောင်းမည် မဟုတ်ပါ။ ပြည်သူမပါဝင် သော လှုပ်ရှားမှုတို့သည်လည်း အောင်ပွဲဆင်နွှဲနိုင်မည် မဟုတ်ပါ။ ။

www.RakhineNotes.com

## ၅။ ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒ

ရခိုင်စကားကို ချစ်သည်၊ ရခိုင်စာကို မြတ်နိုးသည်၊ ရခိုင်ယဉ်ကျေးမှုကို တန်ဖိုးထားသည်၊ ရခိုင်အကြောင်းကို ရခိုင်တို့က လေ့လာသည်၊ ဤသို့ပြုလုပ်သော ရခိုင်တို့ကို မဆလခေတ်အစဦးပိုင်း (၁၉၇၀ ပြည့်နှစ်ဝန်းကျင်) အထိတွင် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒရှိသူများဟု ကင်ပွန်းတပ်ကာ နှိမ့်ချချင်သော ကာလတစ်ခုသည် ရှိခဲ့သည်။ ထိုသို့ပြောသူတို့မှာ ရခိုင်သားများသာ ဖြစ်နေသဖြင့် အံ့ဩစရာ ဖြစ်ခဲ့ကြရသည်။ ထိုခေတ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ခေတ် ဖြစ်သည်။ ရခိုင်ကို နှိမ့်ချသော ထိုထိုသောရခိုင်တို့သည် အခွင့်အရေး အနည်းငယ်မျှကိုပင် ဧရာမဆုလာဘ်ကြီးဟု ထင်ခဲ့ကြသည်။ အခြား တစ်ဖက်တွင်လည်း ကွန်မျူနစ်ဝါဒနောက်ပိုးကျ ရခိုင်သားများလည်း ရှိနေခဲ့သည်။ တောတွင်းရော၊ မြို့ပေါ်တွင်ပါဟု ဆိုနိုင်သည်။ ထိုသူတို့သည် စိတ်ကူးယဉ်ဝါဒဖြင့် အရာရာကိုသုံးသပ်ကာ သူတို့၏ဝါဒသည်သာလျှင် ခေတ်မီသော နိုင်ငံတကာဝါဒဟု မှတ်ယူကာ သွေးနထင် ရောက်နေခဲ့ကြသည်။ သူတို့၏ပေတံတွင် 'ငါနှင့်မတူ၊ ငါ့ရန်သူ၊ ငါ့မူမလိုက်၊ ငါမကြိုက်' သည်သာလျှင် စံနှုန်းဖြစ်နေခဲ့သည်။ သူတို့ အလိုမကျခဲ့လျှင် ဖေါက်ပြန်သူဟု ခပ်လွယ်လွယ် ဆိုတတ်ကြသည်။ မျက်မှန်စိမ်းဖြင့်ကြည့်ရှု ခြင်းကိုပင်လျှင် အမှန်မြင်ဝါဒ၊ အမှန်ကိုမြင်သိ၊ ပညာရှိကဝိဟု ထင်ခဲ့ကြသည်။

များမကြာချေ။ နိုင်ငံတကာဝါဒီဆိုသူတို့သည်လည်း ကောက်ရိုးမီးပမာသာ တောက်ခဲ့ပြီးနောက် မီးရှိန်လျော့ကျ သွားလေသည်။ မြို့ပေါ်တွင်လည်း နိုင်ငံတော်ပေါ်လစီအရ တိုင်းရင်းသာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းခြင်းကို အားပေးလာသည်၊ ထို့ပြင် ရခိုင်ကိုလည်း ပြည်နယ်ပေးခဲ့သည်။ ၎င်းတို့နှင့်အတူ ရခိုင်ပြည်နယ်အလံ၊ ရခိုင်ပြည်နယ်နေ့၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြခန်းများတို့သည်လည်း ပေါ်လာသည်။ ထိုအခါ တစ်ချိန်တစ်ခါက ရခိုင်မှုရခိုင်ရေးရာများကို လေ့လာသူများကို ကျဉ်းမြောင်းသော အမျိုးသားရေး အမြင်ရှိသူများဟု ကင်ပွန်းတပ်သူ မဆလရခိုင်များကလည်း 'ရခိုင်၊ ရခိုင်၊ မျိုးရခိုင်၊ ငါတို့လည်း ရခိုင်၊ ရခိုင်ပီပီ အမျိုးကို ချစ်ပါပေသည်' ဟု လက်သီးလက်မောင်းတန်း၍ သူ့ထက်ငါအလျှင် ကြွေးကြော်ကာ အခွင့်ကောင်းယူကြ ပြန်သည်။

အော်. အခွင့်ကောင်းယူတတ်သူသည် ခေတ်တိုင်းတွင် ရှိစမြဲသာ။



www.RakhineNotes.com

## ၆။ အစွန်းရောက်ဝါဒ

၂၀၁၂-ခုနှစ်တွင် ရခိုင်၌ အရေးအခင်းကြီးပေါ်ပေါက်ခဲ့သည်။ အနှစ်နှစ်အလလတို့တွင် မျိုသိပ်ထားခဲ့သော ခံပြင်းစိတ်၊ မတရားမှုကို မခံချင်သော စိတ်တို့သည် ပေါက်ကွဲသွားလေသည်။ ထိုနှစ်တွင် ပေါက်ကွဲမှုသည် နှစ်ကြိမ်အထိ ဖြစ်ခဲ့သည်။ များစွာမဝေးလှသည် တစ်ချိန်တစ်ခါအထိ ရခိုင်ရှိ ဘင်္ဂလီအရေးကို ကိုင်တွယ်ရာတွင် အာဏာပိုင်တို့ သည် ဖျဉ်ဖြေသူဒိုင်လူကြီး လုပ်ခဲ့သည်။ Triangulation မူအရ ဖက်သုံးဖက်တွင် အလယ်ဖက်၌ နေခဲ့ကာ ကိုင်တွယ်ခဲ့သည်။ ထိုစဉ်က ရတန်သလောက် ရခဲ့သည်။ ၂၀၁၂-ခုနှစ်တွင်မူ ထိုသို့မဟုတ်တော့ပေ။ နိုင်ငံရေး အခင်းအကျင်းသည် ပြောင်းလာခဲ့သည်။ ၂၀၀၈-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံသစ်အရ ရခိုင်ပြည်နယ် အစိုးရ၊ ရခိုင်ပြည်နယ်လွှတ်တော်၊ နေပြည်တော်လွှတ်တော်များ၊ ပြည်ထောင်စု သမ္မတစသည်များသည် ပေါ်ပေါက်နေလေသည်။ ဒေသခံရခိုင်တို့သည်လည်း အမြင်သစ်များ၊ ခံစားမှုသစ်များ ဖြစ်ပေါ်လာသည်။

ပြဿနာတစ်ရပ်ဖြစ်လျှင် မှားသည်၊ မှန်သည် နှစ်ခုသာလျှင် ရှိသည်။ တရားသည်၊ မတရားသည်သာ ရှိလာသည်။ ထိုဖြစ်ပေါ်လာသော ရခိုင်ပြဿနာ ကို ယခင်ကလို အာဏာပိုင်တစ်စုတစ်ဖွဲ့တည်းဖြင့် ဖြေရှင်း၍ မရတော့ပေ။ နိုင်ငံတကာကအာရုံစိုက်လာသော ပြဿနာဖြစ်၍လည်း ကိုင်တွယ်ဖြေရှင်းရာတွင် အထူးသတိပြုလာရသည်။ ကော်မရှင်ဖွဲ့ကာ စစ်ဆေးရသည်၊ ဆိုင်ရာဆိုင်ရာ လွှတ်တော်တွင် ရှင်းလင်းရသည်။ သတင်းစာရှင်းလင်းပွဲများ လုပ်ရသည်။ ဖြစ်ရသော အကြောင်း ရင်းများကို ဖော်ထုတ်ရသည်။

ရခိုင်အရေးနှင့်ပတ်သက်၍ 'မြန်မာနိုင်ငံသည် သမိုင်းကြောင်း အရရော၊ လက်ရှိအခြေအနေအရရောပါ လွန်စွာပင် အကဲဆတ်၍ အထိခိုက်မခံသော အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရ ပါသည်။ ယင်းမှာ ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ပြည်သူများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ ၅၃ သန်းကျော်နှင့်လည်း သက်ဆိုင်နေသည့် ကိစ္စဖြစ်ပါသည်' ဟု မြန်မာနိုင်ငံ အစိုးရက ဆိုထားသည်။ (-မြန်မာ့အလင်းသတင်းစာ ၃-၆-၂၀၁၅ စာ ၉)။

ရခိုင်တို့ကိုယ်တိုင်ကလည်း ရခိုင်အရေးကို ရခိုင်တို့ကိုယ်တိုင် ပါဝင်ဖြေရှင်းခွင့်ရှိကြောင်း မြင်လာသည်။ ပင်ရင်းဒေသခံ ရခိုင်တို့၏ဆန္ဒသည် ပီပြင်လာသည်၊ ပြတ်သားလာသည်။ ရခိုင်တို့၏အမြင် အတွေးကို လှစ်လျူရှု

www.RakhineNotes.com

ပြီး ဖြေရှင်းခြင်းသည် လုံးဝသဘာဝကျမည် မဟုတ်သည့်အပြင် ရခိုင်တို့သည် မလုံခြုံသလိုလည်း ခံစားနေရမည့်အခြေအနေ ဖြစ်လာသည်။ ရခိုင်အရေးသည် ရခိုင်တို့အဖို့ သေရေးရှင်ရေးပြဿနာကြီး ဖြစ်နေသည်။ စစ်မှန်သော ဒီမိုကရေစီအစိုးရသည် ရခိုင်ဒေသပြဿနာ၌ ရခိုင်တို့၏အမြင်များကို သူတို့၏နိုင်ငံရေးအဖြစ် ထည့်သွင်းမည်သာ ဖြစ်သည်။ ရခိုင်ရှိပြဿနာသည် လုံခြုံရေးကိစ္စနှင့်လည်း ဆိုင်လာသည်။

ထိုအခါ သမိုင်းကြောင်းဇာတ်လမ်း အရည်လည်လာသူများလည်း ရှိလာသလို ယုန်နှာစည်းသလို လုပ်သူတို့ကလည်း ရှိလာသည်။ ထိုထဲတွင် သိပါလျက် သိသိကြီးမိုက်သူများလည်း ပေါ်လာသည်။ အချို့ကမူ ရခိုင်အရေးကိစ္စတွင် ရခိုင်တို့သည် အစွန်းရောက်သည်ဟု ဆိုချင်ကြသည်။ ရခိုင်ကို အစွန်းရောက်သည်ဟု ပြောဆို သူများသည် စိတ်ခံစားမှု (emotion)နှင့် ပြောခြင်းသာ ဖြစ်နိုင်သည်။ ဆင်ခြင်တုံတရား (Rationalism) ဖြင့် ပြောခြင်း မဟုတ်သည်မှာ ထင်ရှားနေသည်။ အစွန်းရောက်နေကြသည်ဟု ပြောဆိုနေကြသူတို့သည် သူတို့ကိုယ်တိုင်က အစွန်းတစ်နေရာ ကနေ၍ ကြည့်နေကြ၍သာ ဖြစ်သည်။ သူတို့သည် မည်သည့် အစွန်းတွင် ရောက်နေကြသနည်း။ အဖြေမှာ ရှင်းနေပါသည်။ ဘက်လိုက်မှုအစွန်းတွင် ရောက်နေကြသည်။

ရခိုင်ဒေသသည် ဆင်းရဲမှုချွတ်ခြုံကျနေသည့်အဆင့်တွင် ရှိနေသည်။ ရခိုင်တို့တွင် အမှန်တရားမှတပါး အားကိုးစရာ မရှိချေ။ ထိုအမှန်တရားသည်လည်း တရားမျှတမှုကိုသာ အခြေခံသည်။ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေများအတိုင်းသာ အပြည့်အဝ ဆောင်ရွက်နိုင်ခဲ့လျှင် ရခိုင်အရေးသည် ၂၀၁၂-ခုနှစ်တွင် ပေါ်လာစရာ မရှိချေ။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေတို့သည် ထိုမတိုင်မီ အနှစ်သုံးဆယ်ကပင် ပေါ်ခဲ့၍ ဖြစ်သည်၊ ပေါ်ခဲ့ပြီး၍ဖြစ်သည်။ တရားစောင့်ထိန်းသဖြင့် အပြစ်ရှိသော မိမိလက်ညှိုးကိုပင် ဥပဒေအတိုင်း ပိုင်းဖြတ်ကာ တရားစီရင်ခဲ့သော ရခိုင်ဘုရင်မင်းထီး စိုးစံခဲ့ဖူးသော ရခိုင်ဒေသသည် ဥပဒေကို ဦးထိပ် ထားကြသည်မှာ မဆန်းပေ။ ဥပဒေကို လက်တစ်လုံးခြား လုပ်သူတို့ကမူ နှစ်သက်ကြမည် မဟုတ်ချေ။

တစ်ခုတော့ ရှိပါသည်။ ရခိုင်ကို အစွန်းရောက်သူများဟု ယခုမှ ကင်ပွန်းတပ်သူတို့သည် သူတို့ဖြစ်ချင်သလို မဖြစ်လာသည့်အခါ ဦးဂြိုကို မနိုင်၊ နားရွက်ကိုင်ချင်ကြခြင်းသာ ဖြစ်၍၊ မြေနိမ့်ရာကို လှံစိုက်ချင်ကြသည်ဟု ဆိုရချေမည်။ ။

www.RakhineNotes.com

## ၇။ မျိုးချစ်မျက်ကန်း

မျိုးချစ်မျက်ကန်းဆိုသည့် ဝေါဟာရသည် ရခိုင်တို့၏ အနာဂတ်ကို စိုးရိမ်သဖြင့် ပေါ်လာခြင်းသာ ဖြစ်သည်။ မိမိလူမျိုးကို မိမိတို့က ချစ်မြတ်နိုးသည်၊ မိမိလူမျိုးအတွက် မိမိတို့က အနစ်နာခံလိုသည်၊ ဤသို့သော စိတ်ဓာတ်သည် လူမျိုးတိုးတက်ရာ တိုးတက်ကြောင်း၏ အကြောင်း ရင်းတစ်ခုလည်း ဖြစ်သည်။ ကောင်းမွန်သောစိတ်ဓာတ်လည်း ဖြစ်သည်။ အားပေးသင့်သည်လည်း ဖြစ်သည်။ ဖြစ်ပေါ်လာသော ပြဿနာတို့ကို ဖြေရှင်းရာတွင် မျိုးချစ်စိတ်မရှိဘဲ ဖြေရှင်းလျှင် ရေရှည်တွင် အကျိုးမဖြစ်နိုင်တတ်ပေ။

လက်ရှိဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းနေသလို နောင်ဖြစ်ပေါ်လာမည့် ပြဿနာတို့အတွက်လည်း ခန့်မှန်းကာ ရေတိုရေရှည် အစီအမံများကို ချထားကြရမည် ဖြစ်ပေသည်။ သို့မဟုတ်ပါက အနီးကိုလည်း မမြင်၊ အဝေးကိုလည်း မမြင်သည့် အကန်းနှင့်မခြားနား ဖြစ်နေတော့မည်ကို သတိပေးခြင်းသာ ဆိုနိုင်၏။

ပြဿနာနှင့်လူအကြောင်းကို ပြောကြလျှင် ဆိုရိုးနှစ်ခုရှိသည် ဟူ၏။ ပထမတစ်ချက်မှာ လူရှေ့က ပြဿနာ ရောက်နေခြင်းဖြစ်ပြီး ထိုပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းမည်ကို အစီအစဉ်မရှိသဖြင့် ထိ ရောက်သင့်သလောက် မထိ ရောက်တော့ဘဲ ကံကောင်မ်းလှလျှင် အဆိုးဖက်သို့ ဦးတည် သွားနိုင့်ပါသည်။ ဒုတိယတစ်ချက်မှာ ပြဿနာရှေ့က လူကကြိုတင်ရောက်နှင့် နေခြင်းဖြစ်သည်။ ဤအချက်တွင် ဖြစ်နိုင်ဘွယ်ရှိသော ပြဿနာပေါင်းများကို ကြိုတင်စဉ်းစားထားကြပြီး မည်သို့မည်ပုံ ဖြေရှင်းမည်ကိုပါ စီစဉ်ထားခြင်း ဖြစ်သည်။ ဥပမာအားဖြင့် မီးလောင်လျှင် ဘာလုပ်ကြမည်၊ ငလျင်လှုပ်လျှင် ဘာလုပ်ကြမည်၊ မုန်တိုင်းတိုက်လျင် ဘာလုပ်ကြမည်ဟု အစီအစဉ် ရေးဆွဲထားခြင်းမျိုးဖြစ်သည်။ ကြိုတင်ဆောင်ရွက်ချက်များအနေဖြင့် အစမ်းလေ့ကျင့် ဇာတ်တိုက်ထားရသည်များပင် ဖြစ်သည်။

ရခိုင်တို့သည် မြောက်ဦးခေတ်ကျဆုံးသည့် ၁၇၈၅-ခုနှစ်ကပင် ငြိမ်းချမ်းသည်ဟု မဆိုနိုင်သေးပါ။ လက်ရှိအနေအထားတွင်လည်း ယာရှင်ကို မျောက်နှင်ကိန်း ဆက်လက်မဆိုက်ရလေအောင် မနည်းကြီး ရုန်းကန်နေရပါသည်။ ရခိုင်တို့၏ဘိုးဘွားပိုင်မြေတွင် ရခိုင်တို့သည် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့် မရဖြစ်နေ ကြသည်။ မိမိတို့၏အရေးကို မိမိတို့ကိုယ်တိုင်က တက်တက်ကြွကြွ ပါဝင်ဖြေရှင်းခွင့် မရနိုင်ဖြစ်နေကြသည်။ လက်ရှိနှင့် အနာ

www.RakhineNotes.com

ဂတ်တို့သည် ရာနှုန်းပြည့် လုံခြုံငြိမ်းချမ်းရေးအတွက် ရခိုင်တို့တွင် ရေတို ရေရှည် အစီအမံများကို တတ်သိလိမ်မာ သူတို့က ချမှတ်သင့်ချိန်တန်ပါပြီ။ နောင်ခါလာ၊ နောင်ခါချေး၊ မီးစင်ကြည့် က,မည်ဟူသော အယူအဆသည် ရှေ့ကိုမြင်နိုင်စွမ်းမရှိသော မျက်ကန်းလိုဖြစ်နေသည်။ မျိုးချစ်ရာလည်း မမည်၊ တာဝန်မဲ့ရာလည်း ကျနေသည်။

ဥပမာတစ်ခုကို ပြလိုပါသည်။ ဒုတိယကမ္ဘာစစ်ကြီးခေတ်တွင် ဂျပန်ကို တော်လှန်ရန် အင်္ဂလိပ်တို့က ရခိုင်တို့ကို လက်နက်များ ချပေးခဲ့သည်။ ထိုလက်နက်များဖြင့် ဂျပန်ကို တိုက်ထုတ်ကြသည်။ ထိုစဉ်အခါက ဂျပန်ကို ရခိုင်မြေက တိုက်ထုတ်ပြီးသည့်အခါ ရခိုင်တို့သည် ဘာဆက် လုပ်မည်ကို အစီအစဉ် မချထား။ ချထားရမှန်းလည်း မသိခဲ့။ ဂျပန်ကို တိုက်ထုတ်ပြီးသည်နှင့် အင်္ဂလိပ်တို့ကလည်း ထိုလက်နက်များကို ပြန်အပ်စေလိုသည်။ ရခိုင်တော်လှန်ရေးသမားများမှာ ဘာဆက်လုပ်ရမည်ကို ဝေခွဲမရ၊ အဆုံးတော့ မြန်မာပြည် အခြားအရပ်တို့တွင် စတောင်မစရ သေးသည့် ဖက်ဆစ်တော်လှန်ရေးကို ငဲ့ညာလျက် လက်နက်များကို ပြန်အပ်လိုက်ကြတော့သည်။ ရခိုင်တို့က ရိုးစင်းကြသည်။ တိုက်ဆိုလျှင် တိုက်သည်၊ အပ်ဆိုလျှင် အပ်သည်။ ဂျပန်တို့ကို အသက်နှင့်ရင်းပြီး တိုက် ထုတ်ရခဲ့ရခြင်း အတွက်သော်လည်းကောင်း၊ လက်နက်များကို ပြန်အပ်သဖြင့်သော်လည်းကောင်း ရခိုင်တို့သည် အင်္ဂလိပ်နှင့် အပေးအယူ မလုပ်နိုင်ခဲ့။ ရခိုင်တို့သည် နိုင်ငံရေးအကွက်ကို နားမလည်သဖြင့် အခံဖက်ကသာ ရှိခဲ့သည်။ မကြာခင်ပင် အင်္ဂလိပ်တို့၏အထုအထောင်းကို ရခိုင်ပြည်သူတို့က စောစီးစွာ ခံလိုက်ရလေတော့သည်။

ရခိုင်တို့သည် မျိုးချစ်မျက်ကန်းများမဖြစ်ရန် စိုးရိမ်ချက်ဖြင့် စုပေါင်းအဖြေရှာထားသင့်လှပေသည်။ ဖြတ်သန်းခဲ့သော သမိုင်းစဉ်ကို မျက်ခြေမပြတ်ခြင်းသည် သမိုင်းအသိဖြစ်ပြီး အနာဂတ်အတွက် စီမံချက်သည် သမိုင်းသတိရှိခြင်းပင်တည်း။

## ၈။ ရခိုင်နှင့် ဒီမိုကရေစီ

ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်ဟု ဆိုကြသည်။ နိုင်ငံတကာတွင် သတ်မှတ်ထားသော စံထားစံနှုန်းတို့နှင့်အညီရထားသော ဒီမိုကရေစီစနစ်မျိုး မဟုတ်သော်လည်း ယခင်ကထက် (၁၉၆၂-၂၀၁၀ ကထက်) အခွင့်အလမ်းပိုမို ရရှိသည်ကား မှန်ပေသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့

www.RakhineNotes.com

သော ၁၉၄၈-၁၉၆၂ ခုနှစ် ၁၄-နှစ်ကာလနှင့် နှိုင်းယှဉ်လျှင်ကား ယခုကာလသည် ထိုခေတ်ကာလကို မမှီသေးဟု ရှေးမီနောက်မီပုဂ္ဂိုလ်တို့က ရဲရဲဝံ့ဝံ့ကြီး မှတ်ချက်ပြုကြသည်။

မည်သို့ပင်ဆိုပစေ အဆိုးထဲက အကောင်းဟုသာ ဆိုရချေမည်။ သစ်မရှိခင်စပ်ကြား ဝါးနှင့်ကွပ်ရသည်ကို ကျေနပ်နေကြရမည်သာ ဖြစ်သည်။

ရခိုင်တို့သည် ပေးထားသော ဒီမိုကရေစီအခွင့်အရေးမျှကိုပင် အပြည့်အဝ အသုံးချတတ်ပြီလော။ ရခိုင်တို့ဖြတ်သန်းလာရသော ခေတ်တို့သည် မြန်မာပြည် ခေတ်ရေစီးကြောင်းသာ ဖြစ်သည်။ ရခိုင်သည် မြန်မာပြည်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ သို့ရာတွင် ရခိုင်သည် အခြားသော တိုင်းရင်းသားလူမျိုးများနည်းတူ ဘဝပေးအခြေနေကိုသာ ရရှိရသည်။ မြို့ကြီးပြကြီးများနှင့် စက်ရုံအလုပ်ရုံများ၊ ဆည်ကြီးဆည်ငယ်များ၊ လမ်းကောင်း၊ တံတားကောင်းကြီးများရှိသော မြန်မာမြေပြန့် ဒေသကြီးလောက်မှ ဘဝပေး အခြေအနေ မကောင်းသည်မှာ ထင်ရှားနေသည်။

ရခိုင်တွင် ၂၀၁၀ပြည့်နှစ်မှစ၍ တစ်ခြားသောဒေသများနည်းတူ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့အစည်းများသည် ပေါ်လာသည်။ ထိုပေါ်လာသော အဖွဲ့အစည်းများတွင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ကျင့်သုံးသည်မှာ နည်းပါးလှကြောင်း အကဲဖြတ်တို့က ဆိုကြပါသည်။ ဖြတ်သန်း လာရသော စနစ်ဆိုးကြီးကို ရွံမုန်းကြသည်ဆိုကြသော်လည်း နှစ်နှစ်ကာကာ ရွံမုန်းခြင်းမျိုးကားမဟုတ်။ ဆိုးမွေဖြစ်သော 'ငါမိုကရေစီ'ဟု ဆိုကြသည့် ငါပြောသလိုသာ လုပ်ဆိုသည့် အမိန့်ပေးဆံဆံ၊ ဆရာကြီးဆံဆံ ပြုမူမှုများသည် ရှိနေဆဲ ဖြစ်သည်။ ငါနှင့်မတူ၊ ငါ့ရန်သူ၊ ငါ့မူမလိုက်၊ ငါမကြိုက်ဝါဒကို နှစ်သက်သူများ ရှိနေကြဆဲ ဖြစ်သည်။ မဆလခေတ်မျိုးလို ပါတီဖတ်ချန်ခေါ် သင်းခွဲမှု၊ ဗဟိုဦးစီးစနစ်ကိုသာ ကျင့်သုံးခြင်း ကိုသာ လက်ကိုင်ပြုသူ များနေသည်။ စုပေါင်းခေါင်းဆောင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု စသည့် စံနှုန်းများမှာ ရှိသည်ဆိုသည့်တိုင်အောင် အပြောကောင်းအောင် ချထားခြင်းသာ ဖြစ်တတ်သည်။ လက်တွေ့နယ်ပယ်တွင်မူ ထုံစံအတိုင်းသာ လျှင် ဖြစ်နေဆဲ။။

'ဒီမိုကရေစီ'ဟူသောဝေါဟာရမှ 'ဒီမို' (ပြည်သူ) ဆိုသည့် စာလုံးနှင့် 'ကရေစီ' (အုပ်ချုပ်ခြင်း)ဆိုသည့်စာလုံးလောက်၏ အနက်အဓိပ္ပါယ်တို့ကို သိထားသည်လောက်နှင့် ဒီမိုကရေစီကို နားလည်ပြီဟု မှတ်ယူသူများကလည်း

www.RakhineNotes.com

မနည်းလှပေ။ ဘာသာရပ်တစ်ခုကို လေ့လာရာတွင် အဓိပ္ပါယ်သတ်မှတ်ချက်၊ ဘောင်သတ်မှတ်ချက်စသည်များသည် ရှိရစမြဲ။ ဒီမိုကရေစီသည် ကျင့်စဉ်ဖြစ်သည်။သဘောတရားကို သိထားရုံဖြင့်၊ အနက်အဓိပ္ပါယ်တို့ကို သိထားရုံလောက်နှင့် ဒီမိုကရေစီသည် အလိုလိုဖြစ်ထွန်းလာမည် မဟုတ်ချေ။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံရေးသိပ္ပံကျောင်းသားလို ဂဃနဏ အသေးစိတ်သိရမည်ကား မဟုတ်ချေ။ သိထားလျှင်ကား အကောင်းဆုံးသာ ဖြစ်ပါသည်။ သာမန်လူတို့သည် ဒီမိုကရေစီ၏အနှစ်သာရနှင့် ဆောင်ရန်၊ ရှောင်ရန်လောက် ကိုတော့ အလျင်သိသင့် ပေသည်။ ဒီမိုကရေစီကျင့်စဉ်ဖြင့် ချီတက်မည့် နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများမှာမူ အများအစား သိထားရမည် ဖြစ်သည်။ ဒီမိုကရေစီအကြောင်းကို ဖြန့်ချိ နေရမည်ဖြစ်သည်။ ယနေ့ကျောင်းသုံးဘာသာရပ်တွင် နိုင်ငံရေးသိပ္ပံသို့မဟုတ် ပြည်သူ့နီတိဘာသာရပ်တို့သည် မပါရှိသေးသဖြင့် စုစုစည်းစည်းဖွဲ့ထားသော ပါတီနှင့်အဖွဲ့အစည်းတို့သည် ဆထက်ကဲ လုပ်ဆောင်နေရမည်မှာ ပြောစရာ မလိုပေ။

ဤနေရာ၌ မြန်မာနိုင်ငံ၏စစ်တမ်းတစ်ခုကို ကိုးကား၍ ပြောလိုပါသည်။ ရခိုင်တို့နှင့်လည်း ဆိုင်နေ၍ ဖြစ်သည်။ 'ပြည်သူများအကြား အစိုးရနှင့်ပတ်သက်သော ဗဟုသုတ၊ ဥပဒေပြုကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့နှင့် ပတ်သက်သော ဗဟုသုတ၊ နိုင်ငံရေးပါတီပါဝင် ဆောင်ရွက်မှုနှင့် ဒီမိုကရေစီအား နားလည်သဘောပေါက်နိုင်မှု၊ မိမိကိုယ်တိုင် ခံယူသတ်မှတ်မှု၊ တန်ဖိုးထားတတ်မှုနှင့် ယုံကြည်မှု' စသည်တို့သည် အားနည်းလျက်ရှိကြောင်း ဆိုပါသည်။ ထို့ပြင် 'နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်အားလျော်စွာ နိုင်ငံသူနိုင်ငံသားများအနေဖြင့် နိုင်ငံအရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့်အတူ ဒီမိုကရေစီကျင့်ဝတ်နှင့် စံများကို နားလည်သဘောပေါက်မှုမှာ အလွန်အရေးကြီးသောအချက် ဖြစ်ပါသည်' ဟုလည်း ထောက်ပြထားပေသည်။ (-မြန်မာ့အလင်းသတင်းစာ ၉-၂-၂၀၁၅ စာ ၂၂)။ ပြည်သူတို့၏ နိုင်ငံရေးအသိအမြင်မှာ အလွန်နည်းပါးနေကြောင်း ဆိုထားသည်။

ရခိုင်ဖက်ကို ကြည့်ပါမည်။ ၂၀၁၅-ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင် ရခိုင်နိုင်ငံရေးပါတီကြီးတစ်ခုက ပါတီ၏ရည်ရွယ်ချက်သုံးရပ်ကို ပြည်သူသို့ ချပြရာတွင် တတိယရည်ရွယ်ချက်၌ 'ဒီမိုကရေစီစနစ်ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်ရန်' ဟု ပါရှိသည်မှာ အားရစရာ ဖြစ်လှပါသည်။ ကောင်းမွန်ပြီး ခေတ်နှင့်အညီ လိုအပ်ချက်ဖြစ်သဖြင့် ကြိုဆိုသင့်လှပါသည်။ အခြားပါတီ

www.RakhineNotes.com

နှစ်ခုအနက် နောက်ဆုံးပေါ်ပေါက်လာသော ရခိုင်ပါတီသည် '(ဃ) ဒီမိုကရေစီစနစ်နှင့် တန်းတူညီမျှရေးအား ကြိုးပမ်းဆောင်ရွက်ရန်' ဟု ကြွေးကြော်ထားပါသည်။

ချမှတ်ထားသလို၊ ကြွေးကြော်ထားသလို ဆောင်ရွက်မှု ရှိမရှိမှာ အချိန်က အဖြေပေးသွားပါလိမ့်မည်။ မဲဆွယ်ကာ လူကြားကောင်းအောင် ချပြထားခြင်း ဟုတ်မဟုတ်ကို မကြာမီ တွေ့မြင်လာကြပါမည်။ ဆောင်ပုဒ်သာများသည် အလုပ်မဖြစ်ခဲ့သော မဆလခေတ်ကို ဆရာတင်မည်လား၊ ထိုရည်ရွယ်ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရန် မတတ်စွမ်းသည့်အခါ အလုပ်များပါသည်၊ လူမရှိပါ၊ ရန်ပုံငွေမရှိပါ စသည် စသည်ဖြင့် အကြောင်းပြချက်များကို ပြလာကြမည်လား။

ယနေ့ရခိုင်ပါတီသုံးခုတွင် နိုင်ငံရေးနှင့်ပတ်သက်သည့် စာအုပ်များကို စုဆောင်းထားရာ ပါတီပိုင် စာကြည့်တိုက်တစ်ခု ရှိပါသည်ဟုကား မကြားမိ ကြပါ။ ဒီမိုကရေစီနှင့်ပတ်သက်၍ ပြည်သူကိုသင်တန်းပေးသည်၊ ဟောပြောပွဲ ချသည်၊ ဆွေးနွေးပွဲချသည်၊ စကားနိုင်လုပွဲ ချသည်၊ စကား ဝိုင်းပွဲချသည် စသည်တို့ကိုလည်း မကြားမိပါ။ နိုင်ငံရေးအသိပေး လက်ကမ်းစာစောင်ငယ် တစ်ရွက်မျှတောင် ဖြန့်ဝေသည်ကိုလည်း မတွေ့မိပါ။ ရှိခဲ့လျှင်ကား ဝေဖန်မှု စောနေသည်ဟု ဆိုနိုင်ပါသည်။

နိုင်ငံရေးပါတီမဟုတ်ဘဲ လူမှုအဖွဲ့အစည်းတို့သည်လည်း ဒီမိုကရေစီကျင့်စဉ်တွင် အလွန်အရေးပါသည်ကို တွေ့ရမည် ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းများလေ ဒီမိုကရေစီ ထွန်းကားလေဟုပင် အဆိုရှိပါသည်။ အများနှင့်ဆိုင်သော ကိစ္စ(တစ်ရပ်ရပ်)ကို အများပါဝင်သော လူမှုအဖွဲ့အစည်းတို့က ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်းသည် ကောင်းမြတ်သည်ဖြစ်၏။ သို့ရာတွင် လူမှုအဖွဲ့အစည်းများမှာ နိုင်ငံရေးပါတီလို နိုင်ငံတော် အာဏာတစ်ရပ်ရပ် သို့မဟုတ် အားလုံးအတွက် ရယူလို၍ လုပ်ကိုင်ခြင်း မဟုတ်ပါ။ ဒီမိုကရေစီ ဖြစ်ထွန်းရန်အတွက် ဤအဖွဲ့အစည်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံရေးပါတီဖြင့် နိုင်ငံရေး လုပ်ခြင်းမဟုတ်ဘဲ ပြည်သူ့နိုင်ငံရေး ခေါ် (Body Politic)ကို လုပ်ဆောင်နိုင်ပါသည်။ ပြည်သူတို့ကို ဒီမိုကရေစီအသိနှင့် နိုင်ငံရေးအသိတို့ကို မျှဝေပေးနိုင်ပါသည်။

သို့ရာတွင် အချင်းချင်းလည်း ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါမည်။ ရည်ရွယ်ချက်တူလျှင် ပူးပေါင်းဆောင်ရွက်ခြင်းသည် အားဖြစ်လာပါမည်။

www.RakhineNotes.com

ထိုသို့ ဆောင်ရွက်ရာတွင် အချင်းချင်းလေးစားမှုနှင့် နားလည်မှုတို့လည်း လိုအပ်ပါမည်။ မာနများနေကြလျှင် ဒီမိုကရေစီ၏ အနှစ်သာရကို ရရှိနိုင်မည် မဟုတ်ပါ။ ဥပမာအားဖြင့် အဖွဲ့အစည်းတစ်ရပ်ရပ်က မိမိတို့အဖွဲ့ဝင်များ အတွက် ပါတီတစ်ရပ်ရပ်၏မူဝါဒ၊ ဆောင်ရွက်ချက်များကို ရှင်းလင်းပေးပါဟု ဖိတ်ခေါ်အံ့၊ ထိုပါတီသည် သဘောထားကြီးစွာဖြင့် လက်ခံပါမည်လား၊ လက်ခံသည်ထားဦး၊ ဝေဖန်မိလျှင် အဝေဖန်ခံနိုင်ပါမည်လား၊ ငါတို့ကို သိက္ခာချသည်ဟု စွပ်စွဲပြောဆိုသွားမည်လား၊ ယုတ်စွအဆုံး ဥပေက္ခာပြုသွားမည် လား။ ငါတို့က နိုင်ငံရေးပါတီဖြစ်သည်၊ မင်းတို့ သတ္တိရှိကြလျှင် ငါတို့လို ပါတီထောင်ကြပါလားစသည်ဖြင့် ပြောကြားသွားမည်လား၊ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးမင်က ပိုလေး၊ ဆိုသလို ဖြစ်သွားမည်လား။ ပါတီတို့သည် သဘောထား မကြီးဘဲ ကလေးဆံဆံ အမျက်ထွက်လွယ်မည်လား၊ ထိုင်နေလျှင် အကောင်းသား၊ ထခါမှ ကျိုးမှန်းသိ ဖြစ်သွားမည်လား၊ လားပေါင်းများစွာနှင့် အခက်အခဲများကား ရှိနေပါမည်။ အများအတွက်လုပ်သည်မှန်ရုံးဆိုလျှင် အနစ်နာခံခြင်း ကိုသာ ပြိုင်သင့်ပါသည်။

မည်သို့ပင်ဖြစ်စေ မကြီးလျှင်မောင်ကြီး၊ မငယ်လျှင်လည်း မောင်ငယ် ဖြစ်နေကြသည့် ရခိုင်နိုင်ငံရေးပါတီတို့သည် အများအတွက် ချပြထားသော ဒီမိုကရေစီအရေးအတွက် ထိရောက်မှုတစ်ခုခုကို ဆောင်ရွက်ချိန် တန်နေပါပြီဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူတို့အနေဖြင့် တောင်းဆိုအပ်ပါသည်။ မိကျောင်းမင်းကို ရေကင်းပြသည်ဟု မမှတ်မယူရန်လည်း လိုပါသည်။ ပညာရှိသတိဖြစ်ခဲ့၍သာ ပြောရဆိုရခြင်းသာ ဖြစ်ပါသည်။ ဝေဖန်သည်ကို အပြစ်ရှာသည်ဟု မထင်မိစေလိုပါ။ အဝေဖန်မခံနိုင်လျှင် နိုင်ငံရေးမလုပ်နှင့်ဟူသော စကားသည် စိတ်ဆိုးလွယ်၊ ကလေးဆံသူတို့နှင့် ဆိုင်အံ့မထင်ပါ။

ဒီမိုကရေစီဘက်တော်သား ရခိုင်ပါတီတို့ အောင်မြင်မှုပန်းကုံးများ နှင့် ပြည်သူ၏လေးစားချစ်ခင်မှုများကို ဆထက်တပိုး ရရှိနိုင်ကြပါစေ။ ။

## ၉။ ရခိုင်ပြည်သူ့အသံ

ဒီမိုကရေစီစနစ်တွင် ပြည်သူ့အသံသည် အလွန်အရေးကြီးကြောင်း ဆိုကြပါသည်။ ယခုခေတ်တွင် 'ပြည်သူ့အသံ လွှတ်တော်အသံ' ဟုပင် ဆိုလာပါသည်။ ပြည်သူတို့၏အသံကို မိမိတို့ တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စား လှယ်များမှတစ်ဆင့် တင်ပြနိုင်လာသည် ဖြစ်သည်။ အခြားသော

www.RakhineNotes.com

နည်းများဖြင့်လည်း တင်ပြနိုင်လာပြီ ဖြစ်သည်။

ကြားကြားသမျှသည် ပြည်သူ့အသံဟူ၍ကား မဆိုနိုင်ချေ။ ပြည်သူအများ၏ နစ်နာချက်၊ ခံပြင်းချက်၊ လိုအပ်ချက်စသည့် အများအကျိုးနှင့် သက်ဆိုင်သည့်အသံမျိုးကိုသာ အချို့က သတ်မှတ်ကြသည်။ ပြည်သူ့အသံအစစ်အမှန်ရရှိရန်မှာ အလွန်အရေးကြီးပါသည်။

ရှေးရခိုင်ဘုရင်များခေတ်တွင် ပြည်သူ့အသံကို နားထောင်ပုံမှာ အမျိုးမျိုးရှိခဲ့သည်ကို တွေ့ရသည်။ ဘုရင်သည် အထောက်တော်များကို ခန့်အပ်ကာ ပြည်တွင်းတွင် စုံစမ်းစေသည်။ စနည်းတဘောင်၊ တြင်းနာ သည်ဟုလည်း ရှိသေးသည်။ ကလေးသူငယ်တို့ ပြောစကားတို့ကိုလည်း မှတ်သားစေသည်။ ဘုရင်၏အုပ်ချုပ်ရေးကို မည်သို့မည်ပုံသဘောထားသည်ကို စုံစမ်းခြင်းလည်း ဖြစ်သည်။

တဖန် သုံးချောင်းထောက်စနစ်ဖြင့်လည်း ပြည်သူ့အသံကို နားစွင့်ခဲ့သည်။ ကျေးရွာအရပ်တိုင်းတွင် ရိုးရာနတ်ပလေ့အရ ရွာသျှင်တင်ပွဲခေါ် နတ်လင်တင်ပွဲ၊ တနည်းအားဖြင့် ပန်းကုံးစွပ်ပွဲကို ကျင်းပရသည်။ အိမ်တိုင်းစေ့ မင်းကျွန် (အိမ်ထောင်သည်)တို့သည် တက်ရသည်။ ထို့နောက် နတ်ကတော်သည် ရွာသျှင်မ၏ကြင်ယာ (ရွာသျှင်)အဖြစ် ထိုမင်းကျွန်များထဲမှ တစ်ဦးဦးကို ပန်းကုံးစွပ်၍ ရွေးချယ်ရသည်။ ဤရွာသျှင်မှာ ဘုရင်ကခန့်ထားသော အကြီးဦးကိုင်ခေါ် ရွာသူကြီးနှင့် မဆိုင်ရပါ။ ဤပွဲတွင် တက်ရောက်လာသူများက မိမိတို့ကျေးရွာတွင် မကျေနပ်ချက်များကို တင်ပြကြသည်။ နတ်ကိုရှေ့ထားတိုင်တည်ကြသဖြင့် မည်သူကမျှ ဗွေမယူ ရပေ။ ရွာသူကြီးမကောင်းကြောင်းလည်း ပါနိုင်သည်၊ ရွာရှိရဟန်းတော်၏ကိစ္စလည်း ပါနိုင်သည်။ မည်သည့်ကိစ္စကိုပင်မဆို ပွင့်ပွင့်လင်းလင်းတင်ပြကြရသည်။ ထိုတင်ပြချက်များကို နတ်ကတော် (ရခိုင်အခေါ် နတ်ကောင်းမ)တို့က မှတ်သားပြီး မြောက်ဦးတွင် ကျင်းပသော နတ်သဘင်တွင် တင်ပြရသည်။ ထိုတင်ပြချက်များကို နတ်စလင်ကသူဟူ၍ အမတ်တစ်ပါးက မှတ်သားပြီး ဘုရင်ထံ လျှောက်တင်ရ၏။ ဤနည်းအားဖြင့် ဘုရင်သည် ပြည်သူတို့၏အသံကို ကြားသိနိုင်လေသည်။

(နတ်လင် (ရွာသျှင်)တင်ပွဲဓလေ့ကို ယခုအခါ ရခိုင်ရပ်ခွင်အချို့တွင်သာ တွေ့ရပါတော့သည်။ အချို့မှာ စတိသဘောသာ ကျင်းပကြသည်။ တစ်နှစ်တစ်ကြိမ်အစား သုံးနှစ်တစ်ကြိမ်သာ ကျင်းပလာကြသည်။)

ရွာသူကြီးတို့ကလည်း မိမိကျေးရွာအခြေအနေနှင့် နတ်ကောင်းမတို့

www.RakhineNotes.com

၏မတရားမှုများကို မိမိကိုအုပ်ချုပ်သော မြို့စားနယ်စားများအထံတွင် တိုင်တန်းရသည်။ မြို့စားနယ်စားများ၏ညီလာခံကို နှစ်စဉ်ကဆုန်လတွင် မြောက်ဦးနေပြည်တော်၌ တောင်မြင့်မိုရ်နန်းတွင်ကျင်းပရသည်။ မြို့စား နယ်စားတို့၏တင်ပြချက်တို့ကို ဘုရင်သည် ကြားသိပြန်သည်။

ကျေးရွာတွင် သီတင်းသုံးတော်မူသော ရဟန်းတော်တို့ကလည်း မိမိအရပ်အခြေအနေတို့ကို ဝိနည်းထိုရ်အထံတွင် လျှောက်ထားကြသည်။ ဝိနည်းထိုရ်တို့၏ညီလာခံကို ကဆုန်လတွင်ပင် မြောက်ဦးနေပြည်တော်၌ ကျင်းပသည်။ ကျင်းပရာအရပ်ကို မြောက်မြင့်မိုရ်နန်းဟု ခေါ်သည်။ ဝိနည်းထိုရ်တို့၏ညီလာခံသဘင်မှ ပြည်သူရေးရာများကို ဘုရင်သည် ကြားသိပြန်သည်။

ဤသို့ အခြေခံအချက်သုံးချက်မှ ပြည်သူ့အသံတို့ကို ချင့်ချိန်ပြီး ဘုရင်သည် မတ်တော်မှူးတော်တို့နှင့် နှီးနှောတိုင်ပင်ကာ အုပ်ချုပ်လေ သည်။ ဘုရင်သည် မိမိခန့်ထားသော အထောက်တော်များမှလည်း တိုင်းရေးပြည်ရာ၊ ပြည်သူတို့၏အသံကို နားထောင်ပြီးဖြစ်သဖြင့် အမှားအယွင်း မရှိရအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဤစနစ်သည် မြောက်ဦးခေတ်လယ်အထိ ထွန်းကားခဲ့လေသည်။ နောက်ပိုင်းတွင်မူ တိုင်းပြည်အင်အားကျလာသည်နှင့်အတူ စည်းစနစ်ကောင်းတို့သည်လည်း လျော့ပါးလာလေသည်။

ဆိုလိုသည်မှာ ရခိုင်ပြည်သူတို့၏အသံကို သူ့ခေတ်သူ့အခါအလျောက် ရှာဖွေဖော်ထုတ်မှုသည် ရှေးရခိုင်ခေတ်ကပင်ရှိခဲ့ကြောင်း ပေါ်လွင်နေပါသည်။ ယခုခေတ်တွင် မီဒီယာမှ တစ်ဆင့် ရခိုင်ပြည်သူ့ အသံတို့ကို ဖော်ထုတ်နိုင်သလို ရှေးမီနောက်မီ ရခိုင်သက်ကြီးရွယ်အိုများ၊ ရခိုင်အကျိုးကို လိုလားသဖြင့် လိုက်စားနေသော ဒေါင့်စုံ၊ အလ္လာစုံမှ ရဟန်းရှင်လူပုဂ္ဂိုလ်များကိုလည်း စုံစမ်းမေးမြန်းခြင်းအားဖြင့်လည်း သိရှိနိုင်ပေသည်။

ရခိုင်တို့အတွက် ယနေ့လိုအပ်ချက်တစ်ခုမှာ ပြည်သူ့သဘော ထားကောက်ယူသည့်စနစ် (Opinion Poll)ကို ကျင့်သုံးရန် ဖြစ်သည်။ ဤစနစ်မှာ ယခုမရှိသေးချေ။ အဖွဲ့အစည်းတစ်ရပ်ရပ်က တာဝန်ယူကာ ယေဘုယျကျသော သဘောထားတစ်ခုကို အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသူတို့အား မေးမြန်းခြင်းပင် ဖြစ်သည်။ လူမှုရေးဆောင်ရွက်နေသောအဖွဲ့အစည်းတို့သည် ဒေသတစ်ခုတွင် တက်ကြွနေသူများလည်း ဖြစ်ကြသည်။ အဖွဲ့အစည်းတွင် အဖွဲ့ဝင် အင်အားလည်း ရှိသည်။ တိုင်းရေးပြည်ရာတို့ကိုလည်း စိတ်ဝင်

www.RakhineNotes.com

စားကြသည်။ သို့ဖြစ်၍ ထိုအဖွဲ့အစည်းတို့၏ သဘောထားကို ဖော်ထုတ်ခြင်းသည် သင့်မြတ်သောအရာသာ ဖြစ်သည်။ သဘောထား တွေ့ရှိချက်တို့ကို ထုတ်ပြန်ပေးခြင်းအားဖြင့် လှုပ်ရှားမှုတစ်ခု၏ အတက်အကျကို ခန့်မှန်းနိုင်ပေသည်။ ဤစနစ်သည် အပြန်အလှန်ထိန်းညှိခြင်းလည်း ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ ရခိုင်နှင့် သက်ဆိုင်သည်ဟူသမျှတွင် ရခိုင်ပြည်သူ့အသံကို ဖော်ထုတ်ခြင်းသည် စဉ်းစားချင့်ချိန်ရန် အချက်အလက်များ ရရှိနိုင်ပေသည်။ တစ်ဖက်ကလည်း ပြည်သူတို့သည် မိမိတို့အရေးကို ပိုမိုစိတ်ဝင်စားလာနိုင်ပေသည်။ ဒီမိုကရေစီကျင့်စဉ်တွင် ပြည်သူများ ပါဝင်လေလေ ကောင်းလေလေပင် ဖြစ်သည်။

## ၁၀။ ရခိုင်နှင့်နိုင်ငံရေးပါတီများ

ရခိုင်ဒေသတွင် ခေတ်သစ်နိုင်ငံရေးပါတီ ပေါ်ပေါက်ခြင်းမှာ စစ်ကြိုကာလတွင်ဖြစ်သည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံ ဒိုင်အာခီအုပ်ချုပ် ရေးစနစ်အရ ရခိုင်တွင်လည်း မင်းတိုင်ပင်အမတ်များရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရခိုင်ကြီးပွားရေးအဖွဲ့ချုပ်ဟု ပေါ်လာသည်။ အစပိုင်းတွင် အမတ် ဝင်ရောက်ဝင်ပြိုင်ခြင်း မရှိခဲ့ချေ။ အမတ်ပြိုင်သူတို့မှာ များသောအားဖြင့် ပုဂ္ဂလိက အမတ်လောင်းများသာဟု ဆိုနိုင်သည်။ ချမ်းသာသောအလွှာနှင့် ခေတ်ပညာတတ် ဆင်းရဲသားအလွှာတို့၏အားပြိုင်မှုသာ ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ဆင်းရဲသားပါတီ၊ ထိုနောက် ရခိုင်တိုင်းရင်းသား ကွန်ကရက်စသည်ဖြင့် ပေါ်လာသည်။ ရွေးကောက်ပွဲတွင် ဝင်ပြိုင်ခဲ့ကြသည်။ အောင်မြင်မှုမှာ နည်းခဲ့သည်။ ချမ်းသာသော အလွှာတို့ကမူ ပါတီထောင်သည် မဟုတ်ချေ။ ရိုးမအရှေ့ခြမ်းနှင့် နှိုင်းဆလျှင် အကွာကြီးကွာသည်ဟု ဆိုကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစတွင် မြန်မာနိုင်ငံရေးအခြေအနေအရ ဖဆပလအဖွဲ့သည် အားကောင်းခဲ့သည်။ ရခိုင်တွင် ရခိုင်ဖဆပလဟူ၍ နှီးသက်ခံပါတီ ပေါ်လာသည်။ အင်္ဂလိပ်တော်လှန်ရေးသမားများ၊ ဂျပန်တော်လှန်ရေးသမားများထဲမှ အတော်များများ ပါဝင်လာကြသည်။ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်အများစုသည် ဤရခိုင်ဖဆပလဝင်များသာ ဖြစ်ကြသည်။ ရခိုင်ဖဆပလ၏လှုပ်ရှားမှုများမှာ ကြာလေ လူကြိုက်နည်းလေ ဖြစ်လာခဲ့သည်။

၁၉၅၁-ခုနှစ် ရွေးကောက်ပွဲတွင် ရခိုင်ဖဆပလနှင့်အပြိုင် ရခိုင်

www.RakhineNotes.com

တစ်သီးပုဂ္ဂလတို့သည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရခိုင်ပြည်သူတို့က ထောက်ခံကြသဖြင့် ရခိုင်မှ တစ်သီးပုဂ္ဂလအမတ် ၁၂ ဦးသည် ရွေးကောက်ခံရသည်။ ထိုစဉ်ကာလက ရခိုင်ဆိုရှယ်လစ်ပါတီဟု ပေါ်ခဲ့သော်လည်း မကြာမီ တိမ်ကောသွားလေသည်။ ရခိုင်တစ်သီးပုဂ္ဂလအမတ် ၁၂ ဦးသည် ရခိုင်ပြည် ပါလီမန်အမတ်များအဖွဲ့ကို ဦးစွာဖွဲ့စည်းခဲ့သည်။ ထို့နောက် တိုင်းပြည်သို့ တင်ပြချက်အမှတ် (၁)ကို ထုတ်ပြန်ကာ သဘောထားကို ကြေညာခဲ့လေသည်။ ဤအဖွဲ့သည် ၁၉၅၃-ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ရခိုင်တိုင်းရင်းသားညီညွတ်ရေးအဖွဲ့ချုပ်ပါတီ (Arakan National United Party) (ANUP) (ရတည)အဖြစ် တည်ထောင်လိုက်ကြသည်။ ရခိုင်ပြည်နယ်ရရှိရေးကို အဓိကရည်မှန်းခဲ့ကြသည်။ ရခိုင်ပြည်သူ့ဘဝကို မြှင့်တင်ရေးတွင် ထိုရည်မှန်းချက်သည်သာ အကောင်းဆုံး ဖြစ်ခဲ့သည်။

ရခိုင်ပြည်သူလူထုသည် ရတညကို ထောက်ခံခဲ့ကြသည်။ ရခိုင်အရေးကို ရခိုင်ပါတီသည်သာလျှင် ဆောင်ရွက်နိုင်မည်ဟု လက်ခံယုံကြည်လာကြသည်။ ရခိုင်ပါတီတွင်သာလျှင် ရခိုင်စိတ်ဓာတ်ကိန်းအောင်း နိုင်မည်ဟု မြင်လာကြသည်။ တစ်ဖက်တွင်လည်း ရခိုင်ရဟန်းပျိုများအဖွဲ့ (ရခိုင်သောတုဇနသံဃအဖွဲ့ချုပ်)ဟူ၍ ၁၉၅၅ ခုနှစ်တွင် ပေါ်လာခဲ့ပြီး ရခိုင်ပြည်နယ်ရရှိရေးကို ဖောင်းပေးခဲ့လေသည်။ ရခိုင်တို့၏နိုင်ငံရေးအသိသည်လည်း နိုးထလာလေသည်။ မြန်မာနိုင်ငံတွင် ဖဆပလနှစ်ခြမ်းကွဲသည့်အခါ ရတညသည် ရခိုင်ကို ပြည်နယ်ပေးရန် ကတိပေးခဲ့သော သန့်ရှင်းဖဆပလကို ထောက်ခံခဲ့သည်။ ရတညမှထည့်သော ခြောက်မဲ (အောက်လွှတ်တော်အမတ် ၆ ဦး) သည် မြန်မာနိုင်ငံရေးတွင် အဆုံးအဖြတ်တစ်ခုကို ပေးနိုင်ခဲ့လေသည်။

၁၉၆၂-ခုမှ ၁၉၈၈-ခုအထိသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆိတ်သုဉ်း ချိန်ဖြစ်သည်။ အစိုးရပါတီ (မဆလ)မှတစ်ပါး အခြားပါတီတို့ကို ဖျက်သိမ်းသည်။ ၁၉၈၈-ခုအရေးအခင်းပြီးနောက် ပါတီစုံဒီမိုကရေစီဟူ၍ ပေါ်လာသည်။ ရခိုင်မှ ရတည ပြန်ပေါ်လာသလို ရခိုင်သားစစ်စစ်ပါတီဟူ၍ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုပါတီတို့သာ ရှိခဲ့သည်။ တပ်ပေါင်းစုပါတီမှာ ရခိုင်ပြည်ညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ ရခိုင်ပြည်သူ့ညီညွတ်ရေးပါတီနှင့် ရက္ခိုင်ကျောင်းသားလူငယ်များ အဖွဲ့ချုပ်ပါတီတို့ကို ပေါင်းထားသည့်ပါတီဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အဖွဲ့ချုပ်နှင့် မဟာမိတ် လုပ်ထားပါသည်ဆိုသော မြန်မာပြည်မဖက်မှ

www.RakhineNotes.com

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အာဏာကိစ္စတွင် မဟာမိတ်သော၊ ဘာသောနားမလည်သည်ကို သက်သေပြသွားသည်။ ထိုရွေးကောက်ပွဲတွင် ရခိုင်ဒေသ၌ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် အမတ် ၁၁-နေရာ ရခဲ့သည်။ ထိုရွေးကောက်ပွဲမှ အရွေးခံရသောအမတ်တို့ကို အစိုးရသည် တစ်ကြိမ်တစ်ခါမှ လွှတ်တော်အစည်းအဝေး မခေါ်ခဲ့ချေ။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင် လှုပ်ရှားခြင်းကို ခွင့်ပြုလာသည်။ ရခိုင်ပါတီဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ရခိုင်ပြည်နယ် အင်အားစုပါတီနှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (Rakhine Nationalities Development Party) (ရတပ)ဟူ၍ နှစ်ပါတီသာ ရှိခဲ့သည်။ ရတပက အမတ် ၃၄ နေရာတွင် အနိုင်ရခဲ့သည်။ ရခိုင်ပြည်သူတို့သည် ရခိုင်ပါတီများမှ ရခိုင်ဆံသော ရခိုင်ပါတီကိုသာ မေးပေးခဲ့ကြသည်။ မူလက ဤမျှနေရာလောက်ကို ရနိုင်လိမ့်မည်မဟုတ်ဟု ယူဆထားခဲ့ကြသည်။ ရတပ အမတ်ထဲမှ သုံးယောက်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးများ ဖြစ်လာကြသည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (အေအယ်ဒီ)သည် ပါတီ ှတ်ပုံတင်သည်။ ရခိုင်ပါတီကြီးနှစ်ပါတီသည် အားပြိုင်နေခဲ့ကြသည်။ ရွေးကောက်ပွဲမရှိဘဲ အားပြိုင်နေကြခြင်းဖြစ်သည်။ ရခိုင်ပြည်သူ ရဟန်းရှင်လူတို့သည် ရတက်မအေး ဖြစ်လာကြသည်။ ရွေးကောက်ပွဲ မကျခင်ကပင် ရွာကွဲ၊ ရပ်ကွဲ ဖြစ်လာနိုင်သည်။ သို့ဖြစ်၍ နှစ်ပါတီပေါင်းစည်းရေးကို ဦးတည်လာကြသည်။ ဒီမိုကရေစီယဉ်ကျေးမှု မရင့်ကျက်သေးသဖြင့် မည်သည့်ပါတီတွင်မဆို သဘောထားကြီးသူများရှိသလို သဘောထားသေးသိမ်သူတို့လည်း ရှိနေသည်။ သဘောထားကြီးသူတို့သည် ဦးဆောင်ဦးရွက်ပြုသဖြင့် နှစ်ပါတီသည် ပေါင်းစည်းခဲ့ကြတော့သည်။ နှစ်ပါတီပေါင်းစည်းသဖြင့် ဖြစ်လာသော ရခိုင်အမျိုးသားပါတီ (Arakan National Party) (ANP)သည် ၂၀၁၄ ခု မတ်လ ၆ ရက်တွင် ဖြစ်ပေါ်လာခဲ့သည်။ ထိုနှစ် စက်တင်ဘာလတွင် ပါတီ၏ ပထမအကြိမ်ညီလာခံကို ကျင်းပခဲ့ကြသည်။ ပါတီသစ်တွင် အခက်အခဲ အမျိုးမျိုး ရှိခဲ့သည်။ ရခိုင်ပြည်သူတို့ကမူ ၂၀၁၅ ရွေးကောက်ပွဲတွင် ဗျာများစရာမလိုတော့ဘဲ မဲပေးနိုင်ပြီဖြစ်သဖြင့် ဝမ်းမြောက်နေကြသည်။

ရွေးကောက်ပွဲနှင့်ကပ်၍ ရခိုင်မျိုးချစ်ပါတီ (Arakan Patriot Party) (APP) ပေါ်လာသည်။ ၂၀၁၅-ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ပါတီတည်ခွင့်

www.RakhineNotes.com

ရခဲ့သည်။ ပါတီဌာနချုပ်မှာ ရခိုင်အမျိုးသားပါတီလို စစ်တွေမြို့တွင်ပင် ဖြစ်သည်။ လူလတ်ပိုင်းများ ပါဝင်သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် လပိုင်းသားသာ ရှိသေးသော ရခိုင်မျိုးချစ်ပါတီသည် အမတ်နေရာ ၁၆ နေရာတွင် ဝင်ပြိုင်သည်။ ရခိုင်အမျိုးသားပါတီက ရခိုင်ပြည်နယ်၌ ၆၃ နေရာတွင် ဝင်ပြိုင်သည်။ စစ်တွေမြို့တွင် တစ်နေရာကို ချန်လှပ်ထားခဲ့သည်။ ထိုနေရာအတွက် ရခိုင်အမျိုးသားပါတီဝင်နှစ်ဦးက တစ်သီးပုဂ္ဂလိကအမတ်များအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ရခိုင်ပြည်နယ် အင်အားစုပါတီကလည်း ဝင်ယှဉ်ပြိုင်သည်။ ရလဒ်အားဖြင့် ANP က ၄၄၊ NLD က ၁၄၊ ပြည်ခိုင်ဖြိုးက ၅၊ တစ်သီးပုဂ္ဂလက ၁ အသီးသီး ရခဲ့ကြသည်။

ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီတို့သည် အရေးပါလှသည်။ ပါတီသည် ဒီမိုကရေစီဘက်တော်သားလည်းဖြစ်သလို၊ တရားမျှတမှုကိုလည်း အားပေးသည်၊ တိုင်းပြည်တိုးတက်ရေးကိုလည်း ရှေ့ရှုသည်။ ပြည်သူအတွက် ကျရာကဏ္ဍက ထမ်းဆောင်ရန် သံဓိဋ္ဌာန်ချထားကြသည်။ ပါတီသည် ပြည်သူတို့အတွက် အရေးတကြီး ဖြေရှင်းပေးရမည့် ပြဿနာတို့ကို ဖော်ထုတ်ကာ အောင်မြင်စွာ ဖြေရှင်းနိုင်အောင်လည်း ဦးဆောင်ဦးရွက် အားထုတ်တတ်သည်။ ပြည်သူ၏ယုံကြည်မှုနှင့် ကိုးစားမှုကို ရယူလိုကြသည်။ ပါတီသည် အခြေအနေပေးလျှင် ပြည်သူ့အကျိုးအတွက် အစိုးရဖွဲ့စည်းကာ အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရန် အားထုတ်သည်။ ပါတီသည် ပြည်သူ့အတွက်သာ ဖြစ်သည်ဟု ပြည်သူတို့က ယုံကြည်ထားကြသည်။

နိုင်ငံရေးပါတီသည် စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်း ဖြစ်ရုံ သာမက ရည်ရွယ်ချက်တူ၊ မျှော်မှန်းချက်များတူ၊ ယုံကြည်ချက်များတူသော ပုဂ္ဂိုလ်တို့ဖြင့်လည်း ဖွဲ့စည်းထားသဖြင့် အင်အားရှိသည်။ နိုင်ငံရေးပါတီသည် အစိုးရတစ်ရပ်ကို ဖွဲ့နိုင်လောက်အောင် အင်အားနှင့်စွမ်းရည်တို့ကို အမြဲတမ်း မြှင့်တင်နေသည်သာ ဖြစ်သည်။ ပါတီသည် ပါတီနှင့် တူအောင်လုပ်ထားလျှင် စွမ်းရည်ထက်မြက်နေမည် ဖြစ်သည်။ ပါတီသည် အလွှာပေါင်းစုံနှင့် ညှိနှိုင်းဆွေးနွေးထားသဖြင့် အကြံကောင်း၊ ဉာဏ်ကောင်းများသည် ရှိတတ်သည်။ နှလုံးရည်ကောင်းသော ခေါင်းဆောင် သစ်များကိုလည်း မွေးထုတ်တတ်သည်။

ရခိုင်အရေးတွင် ရခိုင်တို့၏ကံကြမ္မာသည် ရခိုင်နိုင်ငံရေးပါတီများ အပေါ်တွင် များစွာမူတည်နေသည်ကို မငြင်းနိုင်ပါ။ ပါတီသည် မည်သူ သေ

www.RakhineNotes.com

သော၊ ငတေမှန်လျှင်ပြီးလျော့ဟု ယူဆပြီး ငါတကော ကောသည့်မှုကို လက်ကိုင်ထားနေလျှင်ကား ရခိုင်တို့သည် ရခိုင်တို့နှင့် ထိုက်တန်သော ရခိုင်ပါတီများကိုသာ ရတတ်ကြပေသည်တကားဟု ဆိုရမည်သာ ရှိချေသည်။

ဤသို့ဆိုလျှင် ရခိုင်တို့၏ကံကြမ္မာကို ရခိုင်ပါတီတို့သို့ ဝကွက် ကွက်၍ အပ်လိုက်ကြရမည်လား။ ဒီမိုကရေစီကျင့်စဉ်တွင် ပြည်သူတို့သည် အသိပညာကြွယ်ဝနေလျှင် အစိုးရကိုတောင် ထိန်းချုပ်၍ ရတတ်သည်ဟု အဆိုရှိပါသည်။ ရခိုင်အကျိုးကို မဆောင်ရွက်ပေးနိုင်သောပါတီကို ရွေးရှည်တွင် ရခိုင်ပြည်သူတို့သည် စွန့်ခွာသွားကြမည်သာ။

အဘယ့်ကြောင့်နည်း။

ယခုခေတ်ပြည်သူတို့သည် ယခင်ကထက် နိုင်ငံရေးအသိအမြင်တွင် ပြင်းထန်လာသည်။ ယနေ့မျိုးဆက်သစ်တို့သည် မသိလိုက် မသိဖာသာနေတတ်ကြသည် မဟုတ်ချေ။ ထုံအသည်မဟုတ်ချေ။ နှစ်ကြိမ်အလှည်းဖျားခံတတ်သည် မဟုတ်တော့ချေ။ တစ်ဖက်တွင်လည်း ကျွန်ုပ်တို့သည် သတင်းနှင့်နည်းပညာခေတ်တွင် နေထိုင်ကြသဖြင့် ပြည်သူတို့၏သတိဂရုပြုမှု (Awareness)သည် မြင့်မားနေသည်။ ခေတ်မီကြသဖြင့် ပြောင်းလဲမှု (Change)အတွက် ဝန်လေးကြမည် မဟုတ်ချေ။ လမ်းကြောင်းမှန်တစ်ခုကို လျှောက်လှမ်းမိလျှင်ကား လွန်စွာအကျိုးရှိမည်သာ။

## ၁၁။ ကလေးငိုသံ၊ မကြားရ ကြာလေပြီ

ယနေ့ရခိုင်ဒေသတွင် ကြုံတွေ့နေရသော ပြဿနာများ၌ အဆိုးဆုံးတစ်ခုမှာ မြို့ပြများတွင်သာမက ကျေးလက်ဒေသများတွင်ပါ လူငယ်လူရွယ်တို့သည် နေရပ်ရင်းကို စွန့်ခွါကာ ဥစ္စာကြေးငွေများကို ရှာဖွေနေကြခြင်းပင်ဖြစ်သည်။ အလုပ်အကိုင် ရှားပါးလှသဖြင့် ရခိုင်ရပ်မြေမှ များစွာဝေးကွာသော အရပ်ဒေသများဆီသို့ သွားရောက်ကြခြင်းလည်း ဖြစ်သည်။ ပထမတွင် ဖားကန့်ကို သွားကြသည်။ နောက်ပိုင်းတွင် ထိုင်းနှင့် မလေးရှားတို့ကိုလည်း သွားကြသည်။ တရားဝင်သွားခြင်းမှာ နည်းပါးသည်။ သွားရောက်လုပ်ကိုင်သူများတွင် နောက်ပိုင်း၌ အမျိုးသမီးများလည်း ပါဝင်လာကြသည်။ ထိုသို့သွားရောက်ကြသဖြင့် မိမိ ရပ်ရွာသို့ ငွေကြေးထောက်ပံ့မှုများ ရောက်သည်လည်းရှိသလို ဘဝ ပျက်သွားကြသည်လည်း ထုနှင့်ဒေး ရှိကြသည်။

နေရပ်စွန့်ခွာ သွားကြသူအများစုသည် ကြိုတင်ပြင်ဆင်ပြီးမှ သွား

www.RakhineNotes.com

ရောက်ကြသည်ထက် ကိုယ့်ထိုက်နှင့်ကိုယ့်ကံ သွားကြသည်က များသည်။ များသောအားဖြင့် လုပ်အားကို ရောင်းချရန် သွားကြလေ့ ရှိသည်။ သွားကြဖန်များသည့်အခါ အချို့တို့သည် မိသားစုစိတ်မွေးမြူကြကာ ပြည်ပရပ်တွင် အသိုက်အဝန်းနှင့် နေထိုင်လုပ်ကြလာသည်။ ရွာလုံးကျွတ် နီးပါး၊ ကျွန်းလုံးကျွတ် နီးပါးတို့သည် ထိုပြည်ပအရပ်တို့တွင် ရှိလာကြသည်။ စုစုစည်းစည်းနေထိုင်ကြသဖြင့် အချင်းချင်း ကူညီရိုင်းပင်းမှုသည် ရရှိကြသည်။ လုံခြုံမှုလည်း ပိုမိုရှိသွားသည်။ တိုးတက်မှုလည်း ဖြစ်ထွန်း လာသည်။ ထိုသို့မဟုတ်ဘဲ တစ်ကောင်ကြွက်စနစ်ဖြင့် သွားကြသူများသည် ရည်မှန်းချက်ပြင်းထန်ပါမှ တော်ရာ ကျတတ်သည်။

ရပ်ဝေးမြေသို့ မည်သည့်နည်းနှင့်ဖြင့် သွားပစေ၊ ရလဒ်မှာ အတူတူသာ ဖြစ်သည်။ ရပ်ရွာတွင် လူငယ်လူရွယ်များ တမဟုတ်ချင်း လျော့ကျသွားခြင်းသာ ဖြစ်သည်။ ထို့အပြင် အိမ်ထောင်ပြုမှုမှာလည်း သိသိသာသာကြီး လျော့ကျသွားလေသည်။ အကျိုးဆက်အားဖြင့် ကျေးရွာတွင် ကလေးငိုသံမကြားရသည်မှာ ဘယ်နှစ်ရာသီမျှတောင် ရှိနေပြီဟု ပြောစမှတ် ပြုလာကြသည်။ အချို့ကျေးရွာတို့တွင် သုံးနှစ်အတွင်း ကလေးငိုသံ လုံးဝမကြားမိဟုပင် ဆိုလာကြသည်။ အချို့ရွာမှာသည် ထက်ပိုသည်လည်း ရှိနိုင်သည်။ ကလေးမရှိသောကျေးရွာတွင် နောင်မဝေး တော့သောကာလ၌ သူငယ်တန်းတက်မည့် ကလေးအရေအတွက် သည်လည်း အလိုလိုလျော့ကျသွားလေသည်။ ရမ်းပြည့် ရမ်းပေါက်နယ်တွင် နိုင်ငံတော်မှ စေတနာဖြင့် ချပေးသော မူလွန်ကျောင်းကိုပင် တစ်ရွာ သားလုံး လက်မှတ်ထိုးကာ ပြန်အပ်သည့်ကျေးရွာ ရှိလာသည်။ ကျေးရွာ ဆင်းရဲသဖြင့် ကျောင်းဆောင် မဆောက်နိုင်၍ မဟုတ်၊ ကျောင်းနေမည့် ကလေးများ မရှိတော့၍သာ ဖြစ်သည်။ ယခင်ကဆိုလျှင် မူလွန်ကျောင်းပြောမနေနှင့် မူလတန်းကျောင်းကလေးတစ်ကျောင်း ရရှိရေးကိုပင် လွန်စွာခက်ခဲ ခဲ့ကြသည်။

ကလေးငိုသံမကြားရသည့် အခြေအနေမတိုင်မီက ကျေးလက်တွင် ယောက်ကျားလူငယ်လူရွယ်များ ရှားပါးသွား၍ မသာအသုဘကို ရွာရှိအမျိုးသမီးများကသာ ထမ်းရွက်ချပေးရသည်အထိ ဖြစ်ခဲ့သည်။ လယ်ထွန်ရန် ယောက်ကျားသားများ မရှိတော့သဖြင့် များစွာအခက်အခဲ ရှိနေခဲ့ကြသည်။

ဤအတိုင်းသာဆက်၍ သွားနေလျှင် အနာဂတ်အတွက် ရင်လေးစရာ ဖြစ်နေပါတော့သည်။

www.RakhineNotes.com

## ၁၂။ အမျိုးသီလ၊ ရပ်ဌာနကို

အလုပ်အကိုင်ရှားပါးသဖြင့် မိမိတို့ ရခိုင်မွေးရပ်မြေကို ယာယီစွန့်ခွါကာ လုပ်ကိုင်စားသောက်ကြသူများရှိသလို အပြီးပိုင် ပြောင်းရွှေ့ကာ နေရပ်စွန့် ခွါကြသည်များလည်း ရှိကြသည်။ ဤသို့အခြေချပြောင်းရွှေ့ နေထိုင်ခြင်းသည် ယခုခေတ်တွင်သာမဟုတ် ရှေးမဝေးသေးသော စစ်ကြီးပြီးစ ကာလကပင် ရှိနေခဲ့သည်။ ဖဆပလခေတ်ဟုဆိုကြသော ၁၉၄၈-ခုမှ ၁၉၆၂-ခုနှစ်အတွင်းတွင် အဝေးရောက်ရခိုင်လူ့အဖွဲ့အစည်းသည် စတင်ထင်ရှား လာသည်ဟု ဆိုနိုင်သည်။ ရခိုင်တွင် လုပ်ကိုင်စားသောက်ရန် အလုပ်အကိုင်၊ စက်မှုလက်မှု မရှိလေလေ၊ ပြောင်းရွှေ့မှုသည် များလေလေ ဖြစ်သည်။ ရခိုင်တွင် လူဦးရေ တိုးပွားလာသလောက် လယ်မြေတို့သည် ကျယ်လာ သည်ကား မဟုတ်ချေ။ ကျဉ်းမြောင်းသောရခိုင်ကမ်းမြောင်လွင်ပြင်သည် လူဦးရေအကန့် အသတ်ကိုသာ ထမင်းဝအောင် ကျွေးနိုင်သည်။ ပညာရှာမှီးလို၍ နေရပ်စွန့်ခွါ သွားသူများမှာ ယခင်ကလည်းရှိသည်။ ယခုလည်း ရှိနေသည်။

နေရပ်စွန့်ခွာသွားကြသူများတွင် ရခိုင်ရဟန်းသံဃာတော်တို့လည်း ပါဝင်သည်။ တစ်ခါက အဖြစ်အပျက်ကလေးတစ်ခုသည် ပြောစမှတ် ကျန်ခဲ့ သည်ကို တွေ့ရသည်။ ထို ၁၉၄၈-၆၂ ခုနှစ်အတွင်း ကာလတွင် တစ်ခုသော အချိန်အခါက ရခိုင်မှ တောင်ကုတ်တောင်ကြားလမ်းဖြင့် ခရီးသည်တစ်စု သည် ခရီးသွားကြသည် ဟူ၏။ ထိုခရီးသွားကားတွင် ရမ်းပြဘက်မှ ရဟန်း တော်တစ်ပါးနှင့် ပြည်မအရပ်တွင် ဘုန်းကြီးစာပေကို သင်ကြားရန် မောင်ရင် ငယ်တစ်ပါးလည်း ပါရှိသည် ဟူ၏။ ခရီးသည်တို့သည် မိုးထိတောင်သို့ ရောက် သည့်အခါ တစ်အောင့်တစ်နား ရပ်နားကြသည်။ မိုးထိတောင်မှာ ရခိုင်နှင့် ပြည်မတို့၏နယ်စပ် ဖြစ်သည်။ မကြာမီ မိနစ်အနည်းငယ်တွင် ပြည်မဘက်သို့ ဝင်ရောက်ရမည် ဖြစ်သည်။

ထိုအခါ ခရီးသွားတစ်စုက 'မောင်ရင်၊ မောင်ရင်၊ ကားပေါ်မှ ခေတ္တ ဆင်းကြွ၍ ဤကုန်းမြင့်အရပ်၌ ခေတ္တထိုင်တော်မူပါ' ဟု လျှောက်ထားကြ ကုန်၏။ မောင်ရင်ငယ်လည်း တကာတို့အလိုအတိုင်း ဆင်းကြွကာ ထိုင်တော်မူ လေ၏။ ထိုပြီးနောက် ထိုခရီးသွားတစ်စုသည် ရိုရိုသေသေ လက်ဦးချီကာ ထိုမောင်ရင်ငယ်အား ရှိခိုးကန်တော့ကြကုန်၏။ မောင်ရင်ငယ်က အံ့ဩသလို၊ မောင်ရင်ကို ခေါ်လာသော ဆရာတော်ကလည်း အထူးပင် အံ့ဩမိလေ၍ 'အဘယ်ကြောင့် မောင်ရင်ငယ်ကို အရေးတယူ ရှိခိုးကန်တော့ကြနေကြသည်'

www.RakhineNotes.com

ဟု မိန့်တော်မူလေ၏။ ထို အခါ ထိုခရီးသွားအုပ်စုမှ တစ်ဦးက 'အရှင်ဘုရား- ဤမောင်ရင်ငယ်သည် မြန်မာပြည်မတွင် စာပေပရိယတ္တိစာပေများကို သင်ကြားမည်ဖြစ်သည်ဟု အသျှင်ဘုရား မိန့်တော်မူခဲ့ပါသည်။ ဤမောင်ရင်ငယ်သည် စာပေပရိယတ္တိအရာ၌ ကျွမ်းကျင်တတ်မြောက်လာလျှင် ပြည်မရှိ တကာတကာမတို့၏ ပူဇော်ကိုးကွယ် ချီးမြှောက်ခြင်းကို ခံယူလာမည်ဖြစ်ပါသည်။ ထိုအခါ ဤမောင်ရင်ငယ်သည် ပဥ္စင်းပျိုဖြစ်လာမည်၊ ထိုအခါ မိမိမွေးရပ်မြေ ရခိုင်ဒေသသို့ ပြန်ကြွချင်စိတ်သည် ခေါင်းပါးလာမည်။ မကြာမီ ပြည်မတစ်နေရာတွင် ကျောင်းစားလာမည်။ ရခိုင်သို့ပြန်မည့်အရေးသည် အလွန်အခွင့်အလမ်း နည်းပါးသွားပါမည်။ ထိုအခါ ဤမောင်ရင်ငယ်ကို ရခိုင်ပြည်သူပြည်သားတို့သည် ဆက်လက်ဖူးမျှော်ခွင့် ရတော့မည် မဟုတ်ပါ။ သို့ဖြစ်လေသောကြောင့် ယခုမိုးထိတောင်မှ ပြည်မဘက်သို့ မကျော်မီကလေးတွင်ပင် တပည့်တော်တို့သည် ဤမောင်ရင်ငယ်အား တဝကြီး ရှိခိုးရခြင်းသာ ဖြစ်ပါကြောင်း'ကို လျှောက်ထားလေ၏။ ထိုအခါမှ ဆရာတော်လည်း နားလည်သဘောပေါက်သွားကာ သာဓုခေါ် လေသည်။ ဘေးဘီရှိ ရခိုင်ခရီးသွားများကလည်း နားလည်သွားကြကာ မရှိခိုးရမရှိလိုက်ရအောင် တဝကြီး ရှိခိုးလိုက်ကြကြောင်း ဖြစ်၏။ (--ရခိုင်စာဆိုသျှင်အုန်း၏ မှတ်စုများမှ)။

ရခိုင်တွင် အလုပ်အကိုင်ရှားပါးသဖြင့် ရခိုင်ရိုးမကိုကျော်၍ နေရပ်စွန့်ခွါသွားသူများသည် မူလက ရခိုင်အလယ်ပိုင်းဒေသမှ များခဲ့သည်။ ရိုးမကို မကျော်ဘဲ ပင်လယ်ရေကြောင်းဖြင့် ရခိုင်ကမ်းရိုးတန်း၏ တောင်ဘက် အစွန်အရပ် သာပေါင်းချောင်းသာသို့လည်း ပြောင်းရွှေ့သွားခဲ့ကြသည်။ ထိုအရပ်ရှိ ရခိုင်တို့ကို ကမ်းခြီသား (ကမ်းခြေသား)ဟု ခေါ်ကြသည်။ ရခိုင်တို့သည် မော်တင်စွန်း မြောက်ပိုင်း ငဝန်မြစ် အနောက်ကမ်းတွင်လည်း အခြေချနေထိုင်ခဲ့ကြသည်မှာ ရှေးပဝေသဏီအခါကပင်ဖြစ်သည် ဟူ၏။ ရှေးရခိုင် နယ်နိမိတ်တွင် ငဝန်မြစ်၏အနောက်ဘက်ကမ်းသည် ရခိုင်အဝင်ပင် ဖြစ်ခဲ့သည်။

ဤသို့အားဖြင့် ယနေ့ဧရာဝတီတိုင်းဒေသကြီး၏ အနောက်ဘက်အရပ်တွင် ရခိုင်တို့သည် အုံနှင့်ကျင်းနှင့် နေထိုင်လျက် ရှိကြသည်။ ဟိုင်းကြီးကျွန်းတွင်လည်း ရခိုင်အိုးအိမ်များ ရှိကြသည်။ ငဝန်မြစ်၏ အရှေ့ဘက်အရပ်တို့တွင်လည်း ရခိုင်တို့ရှိကြသည်။ ထိုအရပ်တို့တွင် ရခိုင်ရွာနှင့် ကရင်ရွာတို့သည် အများအစား ရှိကြသည်ဟူ၏။ ရခိုင်တို့သည် ဤမျှများပြားစွာ နေထိုင်ကြသဖြင့်လည်း ၂၀၀၈-ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဧရာဝတီတိုင်းဒေသကြီး

www.RakhineNotes.com

တွင် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်တင်မြှောက်ခွင့် ရခဲ့သည်။ ယခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်လည်း ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ခွင့် ရသေးသည်။ ဤသို့ရလာခြင်းမှာလည်း ရခိုင်လူမျိုးသည် ရခိုင်ဒေသအပ အရပ်တစ်ခုတွင် မြန်မာနိုင်ငံလူဦးရေ၏ ၀.၁ ရာခိုင်နှုန်း ကျော်နေထိုင်သဖြင့် ရရှိသည့် အခွင့်အရေးသာ ဖြစ်သည်။ (၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၆၁။ (ခ)အရ)။

ဧရာဝတီတိုင်းဒေသကြီးတွင် ရခိုင်လူမျိုးတို့အတွက် ကိုယ်စားလှယ် ရသလို ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ရခိုင်တိုင်းရင်းသားကိုယ်စားလှယ် တစ်ဦး ရရှိထားသည်။ ထိုအရပ်နှစ်ခုတွင် တစ်ခုစီ၌ ရခိုင်လူမျိုးတို့သည် မြန်မာနိုင်ငံလူဦးရေ၏ ၀.၁ ရာခိုင်နှုန်းအထက်တွင် နေထိုင်ကြ၍ ဖြစ်သည်။ တစ်နည်းပြောရလျှင် ထိုအရပ်ဒေသတစ်ခုစီတွင် ရခိုင်လူမျိုးတို့သည် ယနေ့ လူဦးရေအရ ငါးသောင်းသုံးထောင်ကျော် နေထိုင်လျက်ရှိ၍ ဖြစ်သည်။

ဤနေရာ၌ သန်ခေါင်စာရင်းကောက်ယူသည့်အခါ မိမိ (တို့)သည် ရခိုင်လူမျိုးသာ ဖြစ်ပါသည်ဟု အတိအလင်း ဖော်ပြနိုင်မှုသည်သာ အလွန် တရာမျှ အရေးကြီးကြောင်းကို မီးမောင်းထိုးပြ နေပါသည်။ မွန်လူမျိုးတို့သည် အုံနှင့်ကျင်းနှင့် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေလင့်ကစား သန် ခေါင်စာရင်းရှိ လူမျိုးအရေအတွက်ကိုသာ မူတည်သဖြင့် မွန်လူမျိုး ကိုယ်စား လှယ် ရထိုက်ပါလျှက် မရရှိခြင်းသည် များစွာနစ်နာခဲ့ကြောင်း ကြားသိရ သည်မှာ စိတ်မချမ်းမြေ့စရာသာ ဖြစ်နေပါသည်။

ရခိုင်တို့တွင်လည်း ဤအခွင့်အရေးမျိုးကို ဆုံးရှုံးသည့် အရပ်ဒေသ ကြီးတစ်ခု ရှိကြောင်းကို လေ့လာသိရှိရသည်။ ထိုအရပ်မှာ ရခိုင်နှင့် နယ်ချင်း စပ်နေသော မကွေးတိုင်းဒေသကြီး ဖြစ်နေသည်။ အကြောင်းရင်းမှာ ထိုဒေသ၌ ၁၉၈၃ -ခုနှစ် သန်ခေါင်စာရင်းကောက်ယူရာတွင် နေထိုင်သူရခိုင်တို့က မိမိ တို့သည် ရခိုင်လူမျိုးဖြစ်ပါသည်ဟု မည်မျှပင် ပြောလင့်ကစား ကောက်ယူသူ ဗမာလူမျိုးတို့က 'ဗမာလူမျိုး' စာရင်းတွင် ပြသခဲ့သဖြင့် ရခိုင်လူမျိုး၏အမည် သည် ထိုဒေသကြီးတွင် ပျောက်သွားခဲ့ကြောင်း သိရသည်။ (--အသျှင်ပညာ စာရ၏ သရက်ထောင်တွင်း မှတ်စုများမှ)။

ဤအချက်က 'မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမျိုမှ လူမျိုး ပျောက် သည်' ဟူသော ဆောင်ပုဒ်တွင် 'စာရင်းမျိုက၊ လူမျိုးအပျောက် မြန်ဆန်သည်' ဟု ထပ်လောင်းထည့်ရမည်လို ဖြစ်နေသည်။ ဤနေရာ၌ ဆက်စပ်၍ သမိုင်း

www.RakhineNotes.com

ဆရာတို့၏ အယူအဆတစ်ခုကို တင်ပြလိုပါသည်။ ထိုအကြောင်းအရာမှာ 'ပြူ' လူမျိုးပျောက်ရခြင်း ဖြစ်သည်။ ပြူကျောက်စာကို အေဒီ ၁၂-ရာစုအစော ပိုင်းအထိ တွေ့လင့်ကစား ပြူလူမျိုးဟု နောင်တွင်မတွေ့ရတော့ပေ။ ထိုပြူတို့ သည် ဗမာစာရင်းတွင် ရောနှောဝင်သွားပြီး ဗမာယဉ်ကျေးမှုလေ့ကို လက်ခံ သွားသဖြင့် ပျောက်သွားသည်ဟု ယူဆတတ်ကြသည်။

ရခိုင်တွင်လည်း ၁၉-ရာစုကုန်ခါနီးတွင် သံတွဲနယ်၌ ရခိုင်စကား ပြောဦးရေ တမဟုတ်ချင်းလျော့ကျသွားခြင်း ရှိခဲ့သည်။ ဗမာလူမျိုးများ ပိုမို ဝင်လာခြင်း မဟုတ်ဘဲ ဒေသခံတို့ပြောသည့်စကားကို ဗမာစကားအုပ်စုတွင် ထည့်သွင်းခဲ့ဖြစ်ကြောင်း သိရသည်။ လူမျိုးအမည်၊ လူမျိုးဘာသာစကားသည် နိုင်ငံရေးအခွင့်အရေးအတွက် အလွန်အမင်း အရေးကြီးကြောင်း ဆိုနေပါ သည်။ အများမှတ်သွားသည့်အခါ အမှန်နှင့် နီးစပ်မှု မရှိတော့ဘဲ အများကြာ အမှန်ဖြစ်သွားပြီး နောင်တွင် ဖြေရှင်းရခက်သည်ကို သက်သေပြနေပါသည်။ သတိပြုဆင်ခြင်ဖွယ်ရာပင် ဖြစ်ပါသည်။ ။

## ၁၃။ ရခိုင်နှင့်ပထဝီနိုင်ငံရေး

ရခိုင်တို့၏ဌာနီသည် ၂၁-ရာစုအစောပိုင်းကာလမှစ၍ ပထဝီနိုင်ငံ ရေးတွင် ဝင်လာပြီဖြစ်သည်ဟု အများက လက်ခံလာကြပြီ ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ ရခိုင်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များကို တွေ့ရှိလာ ခြင်းကြောင့်လည်းဖြစ်သလို တရုတ်သည် သူ၏အကျိုးစီးပွားအတွက် ရခိုင် ကမ်းခြေကို စိတ်ဝင်စားလာ၍လည်း ဖြစ်သည်ဟူ၏။

ပထဝီနိုင်ငံရေး (Geopolitics)ဆိုသည်မှာ တိုင်းပြည်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ အုပ်စုများအကြား နိုင်ငံရေးအရဆက်ဆံမှုပင် ဖြစ်သည်ဟု ဆိုသည်။ ဒေသတစ်ခုသည် မိမိအိမ်နီးချင်းဒေသများနှင့် နိုင်ငံရေးအရ ဆက် ဆံမှုမှာ သာမန်ပုံမှန် အလုပ်သာ ဖြစ်သည်။ ယနေ့ကမ္ဘာတွင် ကမ္ဘာကို ချယ် လှယ်ရန်၊ ဩဇာလွှမ်းမိုးရန် အင်အားကြီးအုပ်စုများသည် ရှိနေပေသည်။ ထို အင်အားကြီး အုပ်စုများသည် ဒေသတစ်ခုကို ၎င်းတို့၏အကျိုးစီးပွားအလို့ငှာ ပါဝင်ပတ်သက် စိတ်ဝင်စားလာခြင်းသည် ပထဝီနိုင်ငံရေးဟုပင် ဆိုကြသည်။

ရခိုင်ဒေသသည် ပထဝီနိုင်ငံရေးတွင် စတင်ကျနေသည်မှာ ဆယ်စု နှစ် တစ်စုခန့်သာ ကြာသေးသည်ဟု ဆိုနိုင်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း ရခိုင် ကမ်းလွန်တွင် ဓာတ်ငွေ့သိုက်ကို တွေ့လာသည်။ ဓာတ်ငွေ့တူးဖော်ရန် နိုင်ငံ

www.RakhineNotes.com

တကာမှ ကုမ္ပဏီများဖြင့် ဖက်စပ်ဆောင်ရွက်ခဲ့သည်။ ဓာတ်ငွေ့ထွက်လာသည့်အခါ တရုတ်က ဝယ်ယူခွင့်ရသွားသည်။ တရုတ်သည် ရခိုင်ဓာတ်ငွေ့ကို ရခိုင်အလယ်ပိုင်း ကျောက်ဖြူမှတဆင့် ပိုက်လိုင်းဖြင့် သယ်ယူသည်။ ဤလုပ်ငန်းကို ၂၀၁၃ ခုနှစ်လယ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ တရုတ်၏အကျိုးစီးပွားသည် ဤမျှလောက်နှင့်မရပ်တန့်ချေ။ အရှေ့အလယ်ပိုင်းမှ တင်သွင်းသော ရေနံစိမ်းကို ခရီးဝေးကွာသော မလက္ကာရေလက်ကြားမှတစ်ဆင့် မသယ်ယူလိုတော့ဘဲ ကျောက်ဖြူမှတစ်ဆင့်သာ သယ်ယူလိုလာသည်။ ထို့ပြင် ရေနက်ဆိပ်ကမ်းရှိသော ကျောက်ဖြူမှတဆင့်ပင် သူ၏ထုတ်ကုန်သွင်းကုန်များကိုလည်း ဆောင်ရွက်လိုလာသည်။ တဖန်တရုတ်သည် သူ၏ 'ပုလဲသွယ်' စီမံကိန်းတွင် ကျောက်ဖြူကိုလည်း ထည့်သွင်းထားရှိပြန်သည်။ တရုတ်သည် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းကိုသာမဟုတ် အိန္ဒိယသမုဒ္ဒရာ ကမ်းရိုးတန်းမြောက်ပိုင်းတွင် သူ၏ရေကြောင်းဆိပ်ကမ်းများကို ဖွင့်လှစ်ရန် တာစူပြီးဖြစ်သည်။ တရုတ်အဖို့ ကျောက်ဖြူဆိပ်ကမ်းသည် တစ်ချက်ခုတ် လေးချက်အထိ ပြတ်သောနေရာပင် ဖြစ်ပေတော့သည်။

တရုတ်က ဤသို့ဤပုံ ရခိုင်ကမ်းခြေကို စိတ်ဝင်စားနေသလို ရခိုင်အနောက်ဘက်ရှိ အိန္ဒိယကလည်း သူနည်းသူ့ဟန်နှင့် စိတ်ဝင်စားမှုကို ပြလာသည်။ အိန္ဒိယသည် သူ၏အရှေ့မြောက်အရပ်ရှိ မိဇိုရမ်၊ အာသံစသည့် ပြည်နယ်များသို့ ကုန်သွယ်မှုလမ်းကြောင်းပြောင့်ဖြူးရန်အတွက် အခက်အခဲရှိနေသည်။ ရခိုင်ကမ်းရိုးတန်းမှ စစ်တွေဆိပ်ကမ်းကိုသာရလျှင် ကုလားတန်မြစ်ကြောင်းကို ဆန်တက်သွားရုံနှင့် အချိန်တိုတိုအတွင်း ခရီးပေါက်နိုင်သည်။ မြန်မာအစိုးရထံမှ ခွင့်ပြုသဖြင့် ၂၀၁၀ ပြည့်နှစ်၌ စစ်တွေတွင် အိန္ဒိယဆိပ်ကမ်းကို စတင်တည်ဆောက် လေတော့သည်။

ထိုစဉ် ရခိုင်ကမ်းလွန်ဓာတ်ငွေ့တူးဖော်မှုနှင့်ပတ်သက်၍ ရှာဖွေရေးအကွက်တစ်ခုတွင် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်တို့သည် ရေပြင်ပိုင်နက် အငြင်းပွားမှု ဖြစ်ခဲ့သည်။ ဤအငြင်းပွားမှုသည် တင်းမာစရာဖြစ်လာမည်ဟု ခန့်မှန်းထားခဲ့ကြသော်လည်း နိုင်ငံတကာ ခုံရုံး၏အဆုံးအဖြတ်ကို နှစ်နိုင်ငံစလုံးက လက်ခံလိုက်ကြသည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ်တွင် ပြီးဆုံးသွားလေသည်။

ကျောက်ဖြူသည် တရုတ်စီးပွားအတွက် ဖြစ်လာသည့်အခါ ဘင်္ဂလားပင်လယ်အော်တွင် ကြီးစိုးရန် အာပြိုင်မှုသည် စတင်လာကြသည်ဟု ဆိုကြသည်။ အမေရိကန်ကလည်း တရုတ်ကို ဝိုင်းပတ်ခြေမှုန်းရေး အစီအစဉ်

www.RakhineNotes.com

တွင် ဘင်္ဂလားပင်လယ်အော်အရေးကိုလည်း ထည့်သွင်းထားသည် ဟူ၏။ တရုတ်တို့သည် ကျောက်ဖြူဆိပ်ကမ်းကို ရယူထားခြင်းသည် ဧရာမ ဆုလာဘ်ကြီးပင် ဖြစ်သည်ဟု ရှုမြင်လာကြသည်။

မြွေ မြွေချင်း ခြေမြင်ကြလေပြီ။ ရခိုင်ဒေသသည် ပထဝီနိုင်ငံရေးတွင် မသိမသာမှ သိသိသာသာသို့ ဝင်လာသည်။ ၂၀၁၂-ခုနှစ်တွင် ရခိုင်၌ ဖြစ်ပွားခဲ့သော ဒေသခံနှင့် လာရောက်အခြေချသူတို့၏ ပဋိပက္ခသည် ပထဝီနိုင်ငံရေးတွင် အားပြိုင်မှုတစ်ခုဟု ထင်မြင်သူများ ရှိလာသည်။

ဤသို့ဖြင့် ရခိုင်ဌာနီသည် ပထဝီနိုင်ငံရေးတွင် ပါဝင်လာနေသည်ကို ရခိုင်နိုင်ငံရေးအသိအမြင်ရှိသူတို့က ဂရုပြုလာခဲ့သည်။ အားကြီးသူ ကျွဲနှစ်ကောင် ခတ်ရာတွင် မိမိတို့သည် မြေဇာပင်များ ဖြစ်သွားမည် လော။ ယခုအတိုင်းပင်လျှင်လည်း ရခိုင်ထွက်ဓာတ်ငွေ့ကို ရခိုင်တို့က ထိုက်သင့် သလောက် အကျိုးမခံစားရ ဖြစ်နေသည်။ ရခိုင်အရေးကို ရခိုင်တို့က စိတ်ဝင်စားလာမှသာ ရခိုင်သည် တိုးတက်လာမည်ဟုလည်း မြင်လာကြသည်။ ဤပထဝီနိုင်ငံရေးဖြစ်စဉ်ကို ရခိုင်တို့သည် သတိမလပ်ဘဲ စောင့်ကြည့်သင့်သည်သာ။

ရခိုင်အရေးတွင် ရခိုင်တို့သည် ယခင်ကလို သေးခံတရားဖြင့် တုံဏှိဘာဝေအကျင့်ကို ဆက်လက်ကျင့်ကြမည်လား၊ ပြဿနာဖြေရှင်းမှုတွင် ဥစ္စာရင်လို ဥစ္စာရင်ခဲဖြင့် မိမိတို့ကိုယ်တိုင်က ပါဝင်မည့်လမ်းစဉ်ကို ကျင့်သုံးမည်လား-ဆိုသည်မှာ ယနေ့ ရခိုင်နိုင်ငံရေးသမားများနှင့် နိုးကြားနေသူများ အပေါ်တွင်သာ များစွာမူတည်နေသည်မှာ အမှန်ပင်ဖြစ်တော့သည်။ ။

## ၁၄။ အနာဂတ်ကို စိုးရိမ်ရရေ

ဆရာတော်တပါး ဟောကြားတော်မူရေ ဝထု တပိုဒ်ပါ။

တခါက လင်းတတကောင်ရေ ညောင်ပင်ကြီးတပင်ကို အမှီပြုလို့ နိန်ထိုင် ပါရေ။ အစာစားခါ အပြင်မာ ရှာစားရေ၊ အိပ်ချိန်ကျမှရာ လာလို့စီ အိပ်တေ။ ဒေပိုင်နန့် တရက်နိန့်ကခါ ညောင်ပင်ကြီးထက်မာ ငှက်ချေတကောင် လာနားရေ လတ်။ ယေခါ ယင်းညောင်ပင်ကြီးက ကြောက်လို့ တသိမ့်သိမ့် တုံနိန်ပါရေလတ်။ အကြောင်းကို လင်းတက မိန်းကြေ့ရေ လတ်။

ယေခါ ညောင်ပင်ကြီးက ပြန်ပြောရေ လတ်။ 'သင်၏လာခြင်းနန့် ငှက်ချေ လာခြင်းရှိရေ အာကာနန့်နပြင်ကွာရေပိုင် ဖြစ်တေ။ ငှက်ချေထက် ကဘာလောက်သန်ရေ အသင်လင်းတလာလို့ နားရေခါ ငါက မတုန်မလှုပ်

www.RakhineNotes.com

ဖူးခ။ ဇာအတွက်လေးဆိုကေ အသင်လင်းတနန့်ငါနန့် အသွင်မတူ၊ နိန်ထိုင်စွာမတူ၊ အစားမတူ၊ အလိအထမတူ၊ အသင်က အိပ်ချိန်တန်ကေ ငါ့လက်မောင်း၊ ငါ့ရင်ဖက်ထက်မာ လာအိပ်စွာရာ။

'အဂု အေငှက်ချေက သူပြန်လားကေ သူစားရေ အသီးအနှံတိကို ကိုက်ယူလာဖို့၊ ငါ့အပင်အောက်မာ ပစ်ချပလိုက်ဖို့၊ ငါ့မာသီးနိန်ရေ မမှေ့တမှေ့တိကိုလေး ဒေငှက်ချေက ကိုက်ချဖျက်ဆီးပစ်ခဖို့။ ယေပြီးကေ သူပစ်ချခရေ အသီးက အပင်တိ ပေါက်လာကေ ငါနန့်အသွင်တူ၊ ခလိတူ၊ သဘာဝတူ၊ ရှိမြဲတူရေအပင်တိ ပေါက်လာကေ ငါ့ညောင်ပင် ဇာလောက်ပင် သန်သန်၊ တချိန်မာ ပြိုလဲခြင်း၊ ပျက်စီးခြင်း၊ ဝါးမျိုခြင်းဆိုရေ အကျိုးတရား မလှမပ ဖြစ်လားဖို့စွာကိုမြင်လို့ ငါတုန်လှုပ်ရစွာ ဖြစ်တေ' လို့ ပြန်ပြောပါလီရေ လတ်။

ဒေပိုင်ဗျာယ် ညောင်ပင်ကြီးနန့်တူရေ ရခိုင်သူ၊ ရခိုင်သားဘဝက လင်းတ နန့်တူရေ။ အင်္ဂလိပ်ကိုလိုနီ အုပ်ချုပ်ရီးကာလမာ စိမ်းလန်းစိုပြေ စေပင်ခပါရေ။ အချိန်တန်ကေ အင်္ဂလိပ်တိက ပြန်လားခရေ။ စိုးရိမ်မဟိ ခလို့ဆိုလို့ ရပါရေ။

ငှက်ချေကိုက်ယူခရေ အသီးအနှံတိက ဗမာနန့် တူရေ။ သူရို့က ရခိုင်တိနန့် အရုပ်တူ၊ အသားအရောင်တူ၊ အစားအသောက်တူ၊ နိန်ထိုင်မှုတူ၊ ကိုးကွယ်မှုတူ၊ ဘာသာတူ၊ အေပိုင်တူစွာများရေ ဗမာတိနန့် ရခိုင်အတူ နိန်လာကေ မကြာခင်မာ ရခိုင်တိက လူမျိုးမတူစွာကို ဂရုမစိုက်ဘဲ၊ တူစွာတူရာတိကို ရှိုးပနာ လက်ထပ်ပေါင်းသင်း မျိုးပွားလာခကေ ရခိုင်ဆိုရေ ညောင်ပင်ကြီးက ဇာလောက်ပင်ကြီးကြီး တချိန်ချိန်မာ လူမျိုးဝါးမျို စားသုံးခြင်းကို ခံရနိုင်ဖို့၊ လာဖို့ဖီးကိုကြောက်လို့ လက်ပိုက် မကြေ့ဘဲ ရခိုင်ရို့၏ တာဝန်တရပ်အနိန်နန့် ကာကွယ်နိုင်၊ စောင့်ယှောက်နိုင်ရဖို့လို့ ဆရာတော်က ဟောစွာကို နာကြားခရပါရေ။ ။

------

ရှိုးသားသူ--ဘရခိုင်အဖွဲ့သားတိ။ လက်ဟိအမြင်နန့် ခံစားချက်တိကို မျှဝီကတ်စွာရာ ဖြစ်ပါရေ။ ရခိုင်အသိ၊ ရခိုင်သတိ မြဲကတ်ပါစီ။

ဘရခိုင်အဖွဲ့ (Association for Fatherland Arakan)
စစ်တွေမြို့၊ ၂၀၁၆ ခု၊ ဇန်နဝါရီ

www.RakhineNotes.com